# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လကွယ် ၊ တနင်္လာနေ့ ၊ (2-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၅)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း



(၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်)

ချစ်ကြည်လေးစားရပါသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား မိဘပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆယ်နှစ်တစ်ကြိမ် ကောက်ယူရတဲ့ လူဦးရေနဲ့ အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို လာမယ့် အောက်တိုဘာ ၁ ရက်ကနေ ၁၅ ရက်ထိ နိုင်ငံတစ်ဝန်းလုံးမှာ တစ်ပြိုင်တည်း ကောက်ယူတော့မှာဖြစ်ပါတယ်။ ဒီကနေ့က စပြီးရေတွက်ကြည့်ရင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို စတင်ဖို့ ရက်ပေါင်း ၃၀ သာ လိုပါတော့တယ်။ **စာမျက်နှာ ၂၀ ကော်လံ ၁ ☞**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ
သန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ်
ပြည်သူသို့ ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးရာသီ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ၁၉၁၉၇ ဧကကျော် စိုက်ပျိုးထုတ်လုပ်ထား** စာမျက်နှာ - ၂၃

**မော်လမြိုင်မြို့ရှိအခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၌ ဆုချီးမြှင့်ပွဲပြုလုပ်** စာမျက်နှာ - ၂၁

**ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လကုန်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၀၉ စီး ဝင်ရောက်ခဲ့** စာမျက်နှာ - ၅



ရတနာပုံ
၂၀၁၄ ခုနှစ် စက်တင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထွက်ပေါ်လာရေး

ယနေ့လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များကျန်းမာကြံ့ခိုင်အောင် အားကစားနည်းတစ်မျိုးမျိုးကိုလေ့လာလိုက်စားကြရမည်ဖြစ်သည်။ အဆိုပါလူငယ်များထဲမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများထွက်ပေါ်လာအောင် ဆောင်ရွက်ကြရေးသည် အလေးထားဆောင်ရွက်ရမည့်အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေသည်။

အားကစားသည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ်လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်။ တစ်နည်းအားဖြင့် အားကစားသည် လူသားစုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကို ရေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ်လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စု လူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့်အရာဟု အဓိပ္ပာယ်ဖွင့်ဆိုကြပေသည်။

ယနေ့လူငယ်များသည် အားကစားကဏ္ဍဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက စောင့်ရှောက်နေသည်ဟူသည့် အသိတရားမွေးမြူပြီး မလျှော့သော ဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။ အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများ၏ ကောင်းမွေများကိုခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ်အားကစားသမားများအတွက် စံနမူနာပြလက်ဆင့်ကမ်းအမွေပေးနိုင်အောင် ကြိုးစားရန်၊ အားကစားသမားကောင်းပီသသည့် စိတ်ဓာတ်ဖြင့် ထူးချွန်ထက်မြက်သည့် အားကစားသမားများဖြစ်စေရန် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။

ထူးချွန်အောင်မြင်ခဲ့သည့် အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိရာ အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဆုကြေးငွေအားဖြင့် ငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ တို့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပါသည်။ ထိုသို့ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန်ရည်ရွယ်ပြီးဆောင်ရွက်ပေးနေခြင်းဖြစ်ပေသည်။

အားကစားဟူသည် ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက်များအပေါ်တွင် မူတည်လျက်ရှိသောကြောင့် အဆိုပါအရည်အသွေးများပြည့်ဝနေအောင် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။ ထို့ပြင် မိမိတို့၏ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့်အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကိုမြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ရာ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားထိ ပြိုင်ဘက်ကိုအလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်ပေသည်။ ထိုကဲ့သို့သော အားကစားသမားများထွက်ပေါ်လာအောင် မွေးထုတ်နိုင်မှသာလျှင် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် စွယ်တော်မြတ်စေတီတော်နှင့် အ.ထ.က(၂၇)တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှု



**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး) နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် အေးချမ်းစွာပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဠာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိပြီး ဂန္ဓကုဋိတိုက်တော်တွင် ဥပ္ပါတသန္တိကျမ်းမြတ်အား အလှည့်ကျရွတ်ဖတ်ပူဇော်နေသည့် ဆရာတော်ကိုဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂန္ဓကုဋိတိုက်တော် အတွင်းအပြင်နှင့် စေတီတော်ပရဝုဏ်အတွင်းလှည့်လည်ကြည့်ရှုပြီး ပြုပြင်မွမ်းမံပြင်ဆင်ရန်လိုအပ်သည်များကို မူလလက်ရာမပျက်ပြုပြင်မွမ်းမံဆောင်ရွက်သွားရေး၊ ဘုရားဖူးများ စိတ်ချမ်းမြေ့စေရေး၊ ဝင်ပေါက်တံခါးများ အကုန်ဖွင့်ထားရန်နှင့် ဂန္ဓကုဋိတိုက်အတွင်း မည်သည့်အပိုပစ္စည်းများမှမထားရန် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးနှင့် အတွင်းအပြင် ရင်ပြင်တော်အစဉ်အမြဲသန့်ရှင်းသပ်ရပ်စေရေး စသည်ဖြင့် စေတီတော်ဂေါပအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကိုမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့်စိတ်ချမ်းမြေ့စွာသင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ဥပဓိရုပ်များကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာအမြင်တင့်တယ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကိုလည်းကောင်း၊ တွဲဖက်ဖွင့်လှစ်ထားသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စာသင်ဆောင်တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၇ ဦးက ဘာသာရပ်အလိုက် သင်ယူနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှု၍ ကျောင်းသား၊ ကျောင်းသူများကို နွေးထွေးစွာနှုတ်ဆက်ပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၇၄၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကသာ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၇၄၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၃၈၅၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၇၄၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကသာမြို့နယ်အတွင်း စပါး ကေ ၃၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားကေ ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဩဂုတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် ကန်စွန်းဥများပေါ်နေချိန်ဖြစ်ပြီး ကန်စွန်းဥတစ်ပိသာလျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ကန်စွန်းဥအမျိုးအစားမှာ မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်းစွန်းဥဆိုပြီး အမျိုးအစားနှစ်မျိုးရှိပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ကန်စွန်းဥ အမျိုးအစား နှစ်မျိုးစလုံးကိုစိုက်ပျိုးတာတွေ့ရပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ ကန်စွန်းဥတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလို ကန်စွန်းဥတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း၊ ကန်စွန်းဥတစ်ဧကလျှင် စိုက်ပျိုးစရိတ်ငွေကျပ် ၃၅၀၀၀၀ ထိ ကုန်ကျပြီး ပေါ်ချိန်တွင် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၉၀၀၀၀၀ ကျော်ရရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးနဲမြို့နယ် နားအွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**မိုးနဲ စက်တင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားအွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဩဂုတ် ၃၁ ရက် နံနက် ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးက နားအွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုးနဲ မြို့နယ် နားအွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း(၁၀၀) ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ် ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည် ဖြစ် ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးစောငြိမ်း-ဒေါ်မိုးမိုးဝေ အောင်မြင်သူကုမ္ပဏီလီမိတက် မိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ



**မအူပင် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်ဆုမွန်က ပြော ပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ဘက်သို့ ရှမ်းပြည်နယ်ဘက်ကထွက်ရှိသည့် ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဩဂုတ်လဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိ ကြက်သွန်နီ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၀၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ ကြက်သွန်နီတွေ မအူပင်ဘက်ကို အဝင်အထွက် ပုံမှန်ရှိနေပါတယ်။ လက်ရှိပိဿာချိန် ၁၅၀ ကနေ ၂၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိ ကြက်သွန်နီဈေးနှုန်းကလဲ သင့်တင့်တယ်လို့ပြောလို့ရပါတယ်။ လက်ရှိကြက်သွန်နီတွေ ပိဿာချိန် တော်တော်များများ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်ဆုမွန်က ပြောပြသည်။

မအူပင်မြို့နယ်ကို ရှမ်းပြည်နယ် အပါအဝင် ဒေသအသီးသီးက ဝင်ရောက်လာသည့် ကြက်သွန်နီများသည်အရည်အသွေးကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ကြက်သွန်နီများအရောင်းအဝယ်ကောင်းနေခြင်း၊ ကြက်သွန်နီပုံမှန် အဝင်အထွက် ရှိနေခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ စသည့် လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်ဆုမွန်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# အမရပူရမြို့နယ် မိုင်လေးဆယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တမုတ်ဆိုးကျေးရွာအုပ်စု မိုင်လေးဆယ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ စနစ်တစ်ကျ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အမရပူရမြို့နယ် မိုင်လေးဆယ် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၃၃၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၂၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၁၉ သိန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၇၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၅ ဦးကို ရန်ပုံငွေကျပ်သိန်း ၆၅၀ ကို မြစိမ်းရောင် ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ထုတ်ချေးပေးခဲ့ကြောင်း အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးထံမှ သိရသည်။ **နီလာ**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၂၁၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၂၁၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် နှမ်း ၂၄၇၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုး ခဲ့ရာ ယနေ့ထိ ၂၂၁၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နှမ်းဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုး ကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# စကားနှင့်စကားလုံး

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

မြန်မာစာမြန်မာစကားကို မူလတန်းတွင် စတင်သင်ကြားကြရသည်။ မွေးသမိခင်ကျေးဇူးရှင် အမိ၊ အဖတို့ကား ရှေးဦးဆုံးဘာသာစကားသင်ကြားသူများပင်။ သူငယ်တန်း၊ ပထမတန်းတွင် ဝလုံးမှစ၍ ကကြီး ခကွေး အက္ခရာစာလုံးကလေးများနှင့် စတင်သိကျွမ်းခင်မင်ရသည်။ မိမိသည် ငယ်စဉ်မှအထက်တန်းကျောင်းသားကိုးတန်းအထိ လက်ရေးမလှခဲ့ပေ။ ရှုပ်ထွေးသော၊ ဖတ်ရခက်သော၊ လက်ရေးအညံ့စားကြီးမဟုတ်သော်လည်း လက်ရေးကောင်းသူမဟုတ်ခဲ့ပေ။

နဝမတန်းရောက်သောအခါ အဋ္ဌမတန်းအေ၊ ဘီ၊ စီ၊ ဒီ လေး၊ ငါးခန်းမှ စာမေးပွဲရမှတ်ကောင်းခဲ့သူများကို နဝမတန်းအခန်းအေတွင်ထားသည်။ အတန်အသင့်အမှတ်ကောင်းသူများကို ဘီ၊ စီ၊ ဒီ စသည်ဖြင့်ထားပြီး နဝမတန်း အစိုးရစစ်၊ အခြေခံပညာအထက်တန်းစာမေးပွဲကျခဲ့သူများကို အခန်းအီးမှာ ခွဲခြား၍ထားလေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ တိတိကာလ ချောက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၏ အတန်း၊ အခန်းခွဲခြားနေရာချခဲ့ပုံဖြစ်၏။

နဝမတန်း အေခန်း လူသုံးဆယ်ကျော်သည် ရှစ်တန်းအောင် စာတော်သူတွေချည်းသာ လက်ရွေးစင်များထားသောအခန်းဟု ဆိုနိုင်၏။ ယောကျ်ားလေးတွေကို ထိုသို့ထား၏။ မိန်းကလေး အခန်းအက်ဖ်၊ ဂျီ၊ အိတ်ချ် စသည့် လူခွဲဝေပုံထားရှိပုံကို မိမိမသိ။ စာရေးသူတို့အခန်းတွင် ကြီးနီရွာကျောင်းအလယ်တန်းကလာခဲ့သူ နှစ်ယောက်သာပါ၏။ အခြားကျောင်းသား ဦးရေ ၃၀ ကျော်သည် ချောက်အေးစေတီကျောင်း၊ ရေအိုးစင်ချောင်ကျောင်း၊ ဘီအိုစီကျောင်း၊ စလေ၊ စဉ့်ကူ၊ ဆိတ်ဖြူ၊ ငွေးချို၊ အောက်ဆိပ်၊ လမ်းရွာအလယ်တန်း ကျောင်းများမှ မူလတန်း၊ အလယ်တန်းနေခဲ့ကြသူများဖြစ်၏။ ရှစ်တန်းနှစ်က ကင်းထောက်လူငယ်အသင်းပါဝင်ခဲ့သူအချင်းချင်းလောက်သာသိ၏။ နဝမတန်းအခန်းတွင် အတန်းဖော်မိတ်ဆွေသစ်တွေ တိုးလာရသည်။ လူသုံးဆယ်၏ နာမည်ကို အတော် ကျက်မှတ်နေရ၏။

**ငယ်စဉ်က**

နဝမတန်း အေအခန်းဖော်ကျောင်းသားများသည် ရှစ်တန်းစာမေးပွဲတွင် အမှတ်ကောင်းခဲ့သူချည်းဖြစ်ကြသဖြင့် စာလည်းကြိုးစား၏။ ဉာဏ်လည်းကောင်း၏။ လက်ရေးလည်းလှ၏။ ဘေးကထိုင်နေသော အတန်းဖော်များကို သတိထားကြည့်မိသောအခါ လက်ရေးကလေးများဝိုင်းစက်ညီညာ အလွန်လှသည့်အပြင် စာရေးတာလည်း မြန်ကြသည်။

စာရေးသူသဘောပေါက်သွား၏။ မိမိရှေ့ကနှင့်နောက်ကအဖြေလွှာများကို စာမေးပွဲစစ်နေသော ဆရာသည် မိမိအဖြေလွှာကိုမြင်လိုက်ရသည်နှင့် လက်ရေးညံ့ခြင်းကြောင့် မုချအထင်သေး၊ အမှတ်ပေးချင်စိတ်လျော့သွားလောက်သည်။ ဤကဲ့သို့ မကွာခြားအောင်ငါလက်ရေးလှအောင်၊ မြန်အောင် ကြိုးစားလေ့ကျင့်မည်ဟု သန္နိဋ္ဌာန်ချလိုက်ပါတော့သည်။ မှန်သည်။ ၁၉၄၆ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲကို စာရေးသူသည် နှစ်ချင်းပေါက်ပင်အောင်မြင်ခဲ့ပါ၏။ အစိုးရစစ် နဝမတန်းစာမေးပွဲသည် သင်သောဆရာက ကိုယ့်ကျောင်းက ဆရာ၊ ဆရာမဖြစ်ကြသော်လည်း မေးခွန်းထုတ်သူက အခြားဆရာများ။ ဖြေလွှာစစ်ဆေးကြသူများကလည်း ဘယ်ကျောင်းက ဘယ်ဆရာတွေစစ်လေမည်မှန်းမသိ။ မိမိဘက်က မမြင်ရသော စစ်ဆေးသူများကို အဖြေလွှာကြည့်ရင်း အမှတ်ပေးချင်စိတ်ပေါ်အောင် ကြိုးစားပြင်ဆင်ရေးသားဖြေရမည်ဟု မိမိနားလည်ထားခဲ့သည်။

**စိတ်ကိုရေးခြင်း**

စာဆိုသည်မှာ စိတ်ကိုရေးခြင်းဖြစ်၏။

စာသည် စိတ်ကိုရေးခြင်းဖြစ်ကြောင်း ဆရာကြီး ပီမိုးနင်း၏ စာရေးသားနည်းစာအုပ်တွင် ဖတ်ရ၏။ စာကောင်းပေကောင်းရေးနိုင်ရန် စိတ်ကောင်း စေတနာကောင်းမွေးမြူအပ်ကြောင်း ဆရာဇော်ဂျီ ရေးထားသည်ကိုလည်း မှတ်သားခဲ့ရဖူး၏။

> ❖ ၁၉၆၅ ခုနှစ် အထက်ဗမာနိုင်ငံစာရေးဆရာ အသင်းကကျင်းပခဲ့သော စာဆိုတော်နေ့စာတမ်းဖတ်ပွဲတွင် "ဗမာစာပေအရေးအသား" စာတမ်းကို ဆရာကြီးမောင်သာနိုးက ဖတ်ကြားတင်သွင်းခဲ့သည်။ စကားပြောသလိုရေးသင့်ကြောင်း အကြံပြုချက်ဖြစ်ပါ၏။ သူ့ရှေ့က ပီမိုးနင်း၊ ရွှေဥဒေါင်း၊ သိန်းဖေမြင့်၊ သော်တာဆွေ၊ သာဂဒိုး၊ ဇဝန စသော စာရေးဆရာ၊ သတင်းစာဆရာများသည်လည်း စကားပြေဟန်၊ စကား ပြောဟန်ကို အခြေအနေအချိန်အခါကိုက်ညီစွာရေးနေခဲ့ကြသည် သာဖြစ်ပါ၏။ ဤအယူအဆကို ဦးမင်းလတ် ခေါ် မင်းလတ်ရဲခေါင်က သုတေသနပြု၍ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါသည်။ ❖

ထို့ကြောင့် စာမေးပွဲဖြေလွှာစစ်ဆေးသူ ဆရာ၊ ဆရာမကို မိမိမမြင်ရသော်လည်း စာမေးပွဲမဖြေခင်၊ ဖြေနေစဉ်တို့မှာ မေတ္တာဓာတ်ပို့လွှတ်ကာ ဂါရဝပြုပါ၏။ မေတ္တာသည်မမြင်နိုင်သော်လည်း ကောင်းကျိုးလိုလားသော စေတနာစိတ်သဘောထားဖြစ်လေသည်။ လက်ရေးကိုညီညီညာညာဝိုင်းဝိုင်းစက်စက် သပ်ရပ်၍ ဖတ်ရလွယ်ကူအောင် ရေးသည်။ ဝါကျကို ရှင်းလင်းပြေပြစ်အောင်ရေးသည်။ စကားလုံးကို ထိရောက်ဆီလျော်အောင် စဉ်းစားရွေးချယ်ပြီး သုံးနှုန်းသည်။ ဝါကျတိုင်းတွင် ခွန်အားရှိသော ကြိယာများကိုအသုံးပြုသည်။ ကျောင်းတွင်သင်သော မြန်မာစာဆရာမ သင်ကြားသော စာစီစာကုံးရေးနည်းအပြင် စာကြည့်တိုက်မှ ဆရာဂုဏ်ထူးဦးသိန်းနိုင်၊ ဆရာတင်မိုး(ကိုရင်ဂျမ်း)၏ အစမ်းစာစသောစာစီစာကုံးရေးနည်းနှင့်နမူနာစာစီစာကုံးများကို ရှာဖွေလေ့လာမှတ်သားခဲ့၏။ နဝမတန်းသည် မိမိဘဝတိုက်ပွဲအတွက် ဘေးဘယ်ညာကျောင်းနေဖက်သူငယ်ချင်းတွေတော်ပုံ၊ အချိန်ကိုအကျိုးအရှိဆုံးအသုံးပြုပုံများကိုအတုယူပြီး မိမိအားနည်းချက်နှင့် မကောင်းသောအမူအကျင့်များကို သန့်စင်ဆေးကြောခွာချလိုက်သောကာလဟု သတိရနေပါ၏။ ချောက်မြို့ဈေးအတွင်းနှင့် ဈေးဝန်းကျင်မှာရှိကြသော စာအုပ်အငှားဆိုင်လေးများမှ မဂ္ဂဇင်းနှင့် လုံးချင်းဝတ္ထုစာအုပ်များသည်လည်း မိမိအရင်းနှီးဆုံးအပေါင်းအဖော်များဖြစ်ခဲ့ကြပါတော့သည်။ နှစ်ပေါင်းများစွာ စာအုပ်များကို ချစ်မြတ်နိုးစွာလေ့လာစုဆောင်းသင်ယူခဲ့သမျှသည် နှစ်ပေါင်း အစိတ် သုံးဆယ်ကြာမြင့်လာသောအခါ တာဝန်ပေးရာနေရာများတွင် ထူးခြားထူးချွန်အောင်စွမ်းဆောင်နိုင်သော ဝမ်းစာကိုရရှိခဲ့ပါ၏။

**ဖတ်ဖန်များသော်**

စာဖတ်အား၊ စာရေးလေ့ကျင့်အား မပြတ်ကြိုးစားခဲ့သော အထက်တန်းကျောင်းသားလေးသည် နောင်နှစ်ပေါင်း ၃၀ ကြာသောအခါ နိုင်ငံကျော်ဝါရင့်မဂ္ဂဇင်းကြီးများကို တာဝန်ခံတည်းဖြတ်ထုတ်ဝေရသော အမှုဆောင်အရာရှိချုပ်၊ ထုတ်ဝေသူနှင့် အယ်ဒီတာချုပ်အလုပ်ကို ထမ်းဆောင်ရပါ၏။

စာနယ်ဇင်းများစွာတွင် ၁၉၈၄ ခုနှစ်မှစ၍ လစဉ်မပြတ် မရပ်မနားထုနှင့်ထည်နှင့်ရေးသားခဲ့သော ဆောင်းပါးရှင်ဘဝသည်လည်း ယခုအခါ စာရေးသက်နှစ်ပေါင်း ၄၀ ကြာသောအခါ စာအုပ်လုံးချင်းပေါင်း ၁၂၀ ကျော်ရေးခဲ့ပြီးပေပြီ။ လုပ်ငန်းခွင်သင်တန်းအဖြစ် ဗိုလ်မှူးကြီးကျော်ဆန်း(ကလောင်အမည်သုခိအောင်) ကျောင်းအုပ်ကြီးအဖြစ်တာဝန်ယူခဲ့သော သတင်းစာ ပညာသင်တန်းအမှတ်စဉ်(၁)မှ (၇)အထိလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းကစီစဉ်သော အခြေခံစာရေးနည်းသင်တန်း အမှတ်စဉ်(၁)မှ(၁၀)ထိလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနကဖွင့်လှစ်သော စာပေရေးသားဖန်တီးထုတ်လုပ်ခြင်းဒီပလိုမာ (တစ်နှစ်သင်တန်း)အမှတ်စဉ်(၁)မှ(၆)ထိ နှစ်စဉ်ပါဝင်၍လည်းကောင်း၊ ပညာပါရမီဖြည့်ကာ ဖြတ်သန်းတွေ့ကြုံခဲ့ရသည့်သင်ခန်းစာတချို့ကို ဆွေးနွေးမျှဝေခဲ့ပါသည်။ ဝါသနာစရိုက်ဖြင့်ကိုက်ညီသောအလုပ်ခွင်တွင် နှစ်ပေါင်းများစွာပျော်ပိုက်မွေ့လျော်ခဲ့၏။

**စကားလုံး**

စကားနှင့်ဘာသာစကား၊ စကားလုံးဝေါဟာရအကြောင်း ဆောင်းပါးတစ်ပုဒ်ရေးရန် စိတ်ကူးပေါ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က မဂ္ဂဇင်းတစ်အုပ်တွင် ဆရာကြီးမောင်သာနိုး(၁၉၃၄-၂၀၂၂) ရေးခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်ကို အတော်ကြိုက်သည်။ မိမိမသိသေးတာများသိရသည့်အပြင် မိမိလွဲမှားထင်မြင်ခဲ့သော အချို့မှန်းဆချက်များကိုလည်း ဖယ်ရှားပေးခဲ့သည်။ ထိုအချိန်က မဂ္ဂဇင်းထုတ်ဝေသူ ဆရာပျော်ဘွယ်စိုးမြင့်အောင်သည် ရုပ်ရှင်အောင်လံ၊ ရွှေအောင်လံမဂ္ဂဇင်းများထုတ်ဝေနေစဉ်ကဖြစ်ပါသည်။ ထိုစဉ်က အယ်ဒီတာမှာ ရွှေမြိတ်သောင်းတင်ဟု မှတ်မိနေပါသည်။ ဆရာကြီးမောင်သာနိုးနှင့်မိမိတို့က ရွှေအောင်လံမဂ္ဂဇင်းမှာ လစဉ်ပင်တိုင်ရေးခဲ့ကြပါသည်။ ဤကဲ့သို့ ဆင်ကလောင်ကြီးများနှင့် မဂ္ဂဇင်းတစ်အုပ်ထဲတွင် အတူပါရသည်ကပင် လုံးချင်းစာအုပ်တစ်အုပ်နှစ်အုပ်သာထုတ်ရသေးသောမိမိအတွက် စိန်နားကပ်အရောင်နှင့်ပါးပြောင်ကာ ဝမ်းသာဂုဏ်ယူရသောအချိန်အခါဟု ဆိုနိုင်ပါ၏။

ကလောင်အမည်မောင်သာနိုးသည် တက္ကသိုလ်ကျောင်းသားဘဝ (၁၉၆၀ကာလများ) မောင်သိင်္ဂါ အမည်ဖြင့်လည်း ကဗျာများရေးဖွဲ့ခဲ့ဖူး၏။ ဆရာတင်မိုး၊ ဆရာကြည်အောင်၊ ဆရာမောင်စွမ်းရည်တို့လောက်တော့ ကဗျာနယ်ပယ်မှာ မပေါက်ခဲ့ပေ။ မန္တလေးတက္ကသိုလ်ဆင်းစာရေးဆရာ၊ ကဗျာဆရာလောကတွင်ကား သူသည်ကျောင်းသားခေါင်းဆောင်ဖြစ်ခဲ့သည်နှင့်အညီ အားလုံးအပေါ်၌ ဩဇာရှိသူဖြစ်ပေသည်။ အမည်ရင်းကျောက်ဆောက်သာနိုးဖြစ်၏။ သူ့ဖခင်မှာ ကျောက်ဆောက်ခင်မောင်ကလေး၊ မိခင် ဒေါ်စံမြင့်ဖြစ်၏။ ၁၉၃၄ ခုနှစ် မေလတွင် စစ်ကိုင်း၌ မွေးဖွားခဲ့၏။ စာတော်သောကျောင်းသားဖြစ်သည်။ အင်္ဂလိပ်စာတွင် ပါမောက္ခချုပ်နှင့် ပါမောက္ခများကပင် သူထူးထူးချွန်ချွန်တော်ကြောင်း အသိအမှတ်ပြုခဲ့ကြ၏။ ၁၉၆၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့၏။

**တွေ့ရပြီ**

စာရေးသူပင်ပင်ပန်းပန်းရှာဖွေနေရသော ၁၉၉၆ ခုနှစ် ဇွန်လထုတ်ရွှေအောင်လံမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဆရာကြီးမောင်သာနိုး၏ "**ဘာသာစကားကြွယ်ဝရေး**" အမည်ရှိ ဆောင်းပါးသည် "**အင်္ဂလိပ်စာမတတ်ခြင်းဒုက္ခ**"ဟူသော သူ၏ဆောင်းပါးပေါင်းချုပ် (၂၀၁၈၊ ဒုတိယအကြိမ်)စာအုပ်တွင် ပါဝင်နေကြောင်း မမျှော်လင့်ဘဲတွေ့လိုက်ရပါတော့သည်။ ဆောင်းပါး ၂၄ ပုဒ်ပါဝင်ရာ ဘာသာစကားကြွယ်ဝရေးသည် အမှတ်စဉ်(၁) ပထမဦးဆုံးဆောင်းပါးပင်ဖြစ်ပေ၏။ စာပေဝါသနာရှင်များ၊ စာရေးဆရာများ၊ သုတေသီကျောင်းသားများရှာဖွေလေ့လာမှတ်သားနိုင်ပါသည်။

၁၉၆၅ ခုနှစ် အထက်ဗမာနိုင်ငံစာရေးဆရာအသင်းကကျင်းပခဲ့သော စာဆိုတော်နေ့စာတမ်းဖတ်ပွဲတွင် "**ဗမာစာပေအရေးအသား**" စာတမ်းကို ဆရာကြီးမောင်သာနိုးကဖတ်ကြားတင်သွင်းခဲ့သည်။ စကားပြောသလိုရေးသင့်ကြောင်း အကြံပြုချက်ဖြစ်ပါ၏။ သူ့ရှေ့က ပီမိုးနင်း၊ ရွှေဥဒေါင်း၊ သိန်းဖေမြင့်၊ သော်တာဆွေ၊ သာဂဒိုး၊ ဇဝန စသောစာရေးဆရာ သတင်းစာဆရာများသည်လည်း စကားပြေဟန်၊ စကားပြောဟန်ကို အခြေအနေအချိန်အခါကိုက်ညီစွာရေးနေခဲ့ကြသည်သာဖြစ်ပါ၏။ ဤအယူအဆကို ဦးမင်းလတ် ခေါ် မင်းလတ်ရဲခေါင်က သုတေသနပြု၍ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါသည်။ ဒေါက်တာသန်းထွန်း၊ ပါမောက္ခဦးကျော်ရင်၊ လူထုဦးလှ၊ ဒေါ်အမာ၊ မောင်သာနိုးတို့က လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသည်။ ယခုတော့ မည်သူမျှမရှိကြတော့ပါ။ စကားပြေနှင့်ရေးခြင်း၊ စကားပြောသလိုရေးခြင်းကိစ္စကိုလည်း လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကာလကဲ့သို့ အပြန်အလှန် အချေအတင်ငြင်းခုံမနေကြတော့ပါ။ သင့်သည့်နေရာ ကာလ၊ သင့်လျော်ကိုက်ညီစွာရေးနေကြခြင်းဖြင့် ဘာပြဿနာမှကြီးကြီးမားမားမရှိလှပါ။

စာမျက်နှာ ၅ သို့ ➤


# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လကုန်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၀၉ စီးဝင်ရောက်ခဲ့




**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်ဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၀၉ စီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘောများ ဝင်ရောက်ထားမှုမှာ ဇန်နဝါရီလတွင် ၄၉ စီး၊ ဖေဖော်ဝါရီလတွင် ၅၃ စီး၊ မတ်လတွင် ၅၅ စီး၊ ဧပြီလတွင် အစီး ၅၀၊ မေလတွင် ၅၂ စီး၊ ဇွန်လတွင် အစီး ၅၀၊ ဇူလိုင်လတွင် အစီး ၅၀၊ ဩဂုတ်လတွင် အစီး ၅၀ စုစုပေါင်း ၄၀၉ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး စက်တင်ဘာလတွင်လည်း ကုန်သေတ္တာတင်သင်္ဘော ၅၅ စီး ဆက်လက်ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

"ကုန်သွယ်မှုလုပ်ငန်းတွေကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွေကို အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောတွေ လစဉ်ပုံမှန်ဝင်ရောက်ဆိုက်ကပ်လျက်ရှိရာမှာ ရန်ကုန်ဆိပ်ကမ်းဧရိယာမှာ အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင်ဆိပ်ကမ်းဧရိယာမှာ ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းနဲ့ ဝန်ဆောင်မှုပေးနေပါတယ်။ အခု စက်တင်ဘာလအတွင်းမှာ မြန်မာနိုင်ငံကို ကုန်သေတ္တာတင်သင်္ဘော ၅၅ စီး ဝင်ရောက်ဖို့ရှိပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လကလဲ မြန်မာနိုင်ငံကို ကုန်သေတ္တာတင်သင်္ဘော အစီး ၅၀ ဝင်ရောက်ခဲ့ပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်လွင်ဇော်က ပြောပြသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စီး ဝင်ရောက်ဆိုက်ကပ်ကာ ကုန်တင်ကုန်ချ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များ တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင် သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်ဆိပ်ကမ်းများသို့ ၂၀၂၁ ခုနှစ် မေလမှစတင်ကာ နိုင်ငံတကာ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ပြီး ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည် ၁၁၅၀၀၀ မက်ထရစ်တန် ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်း သိရသည်။ ASH

➤ စာမျက်နှာ ၄ မှအဆက်

ဆရာမောင်သာနိုးသည် မြန်မာစာ၊ အင်္ဂလိပ်စာ ဘာသာနှစ်ရပ်ကို ကျွမ်းကျင်သူဖြစ်သဖြင့် ဆရာကြီးဒဂုန်တာရာ၊ ဆရာတင်မိုး၊ ဆရာကြည်အောင် စသည့်ကဗျာဆရာများစွာတို့၏ ကဗျာများကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့ပါ၏။ အင်္ဂလိပ်စာဖတ်ပရိသတ်သိရှိစေရန် ဗမာကဗျာပြတင်းတံခါးတစ်ချပ် ဖွင့်လှစ်ပေးခဲ့သူဟုဆိုရပေမည်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့၏ကဗျာများသာမက သုခမိန်လှိုင်၊ ဇော် (ပျဉ်းမနား)၊ မောင်ချောနွယ် စသည့်ကဗျာဆရာတို့၏ကဗျာများကိုလည်း အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့ပေသည်။

ဆရာကြီးမောင်သာနိုးသည် ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်က အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီးသိန်းသန်းထွန်း၊ ဆရာကြီးညိုဝင်းတို့နှင့်အတူ ချီးမြှင့်ခံရပါသည်။ အမည်ရင်း ဦးကျောက်ဆောက်သာနိုးသည် ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ပေးအပ်ဂုဏ်ပြုခြင်းကိုခံရပေသည်။

"KEEP CALM AND LEARN ENGLISH

**အင်္ဂလိပ်စာ မတတ်ခြင်းဒုက္ခ**" ဟူသောစာအုပ်တွင် ထပ်မံထည့်သွင်းပုံနှိပ်ခဲ့သော ဘာသာစကားကြွယ်ဝရေးဆောင်းပါး၌ ဆရာက အင်္ဂလိပ်စကားလုံး၊ ပါဠိစကားလုံးတို့ကို မြန်မာစာ၊ မြန်မာစကားထဲတွင် သုံးနှုန်းနေခြင်းအား မရှုဆိတ်နိုင်ဖြစ်နေကြသူများကို ဤကဲ့သို့သုံးနှုန်းနေခြင်းသည် ဗမာစကားတွင် မရှိသေးလို့၊ ဗမာစကားတွင် ကြွယ်ဝလာအောင်လို့ဖြစ်ကြောင်း သက်သေသာဓကနမူနာ စာလုံးများနှင့်တကွ ရှင်းလင်းရေးသားထားပါ၏။

**နိဂုံး**

ပုဂံခေတ်က ပါဠိဝေါဟာရကို မြန်မာလိုပြန်ဆို၍ မမြဲ၊ ဆင်းရဲ၊ ငါမပိုင်ဟူသော အသုံးအနှုန်းသည် မတွင်ကျယ်ဘဲ ပါဠိစကားလုံးအတိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုသာ သိရှိနားလည်သုံးစွဲသည်အထိ မြန်မာစကားဖြစ်လာခဲ့ကြောင်း၊ မော်တော်ကား၊ ဆိုင်ကယ်၊ ရေဒီယို၊ ဖောင်တိန်၊ ဘောလ်ပင်၊ ကွန်ပျူတာ စသည်တို့မှာ မြန်မာဝေါဟာရ၌မရှိခဲ့သေးသဖြင့် မွေးစားသိမ်းသွင်းယူရကြောင်း၊ ရှေးကလည်း ဟိန္ဒီစာလုံး၊ မွန်စာလုံး၊ မလေးစာလုံး၊ အာရပ်စကားလုံးတို့စီးဝင်ရောက်ရှိနေခဲ့ကြောင်း ဖော်ပြခဲ့လေသည်။ ဝေါဟာရကြွယ်ဝရန် စာများများဖတ်သင့်ကြောင်း တိုက်တွန်းခဲ့ပါသည်။

## ရွှေဥဒေါင်း တောင်တော်သို့

- ရွှေဥဒေါင်းတောင် လွမ်းဖွယ်ဆောင်သည်
အခေါင်မြင့်ဖျား ပေတကား။

- အင်းလေးကန်လျှင် ဗေဒါပင်နှင့်
ရေစင်ပြာလဲ့ လှိုင်းနွဲ့နွဲ့တည့်
နွဲ့သည့်လှိုင်းကြား လှော်ခတ်သွားသော်
မြင့်မားသီခေါင် ဥဒေါင်းတောင်ကို
မှောင်ရီကူးစ ဖူးလိုက်ရသည်
သာစွ စေတီ ပုထိုးနှင့်။

- ပွင့်သစ်ထုံမွှမ်း တောင်ခါးပန်းဝယ်
စိမ့်စမ်းချွေချွေ လမ်းပြေပြေနှင့်
နေဝင်ဖျိုးဖျ ကြားနာရသည်
ချိုမြတွန်သံ ငှက်ကျေးနှင့်။

- အင်းလေးမှာနေ ကိုယ့်ချစ်ဆွေက
စေတနာဖြင့် ပို့ဆောင်လင့်၍
ရှမ်းနှင့်အင်းသား အင်းသားမြန်မာ
မြန်မာပအိုဝ့် နောင်ညီတို့နှင့်
နှစ်မြို့ဝမ်းသာ ညီညွတ်စွာလျှင်
တေးတျာကျူးလျက် တောင်ပေါ်ထက်သို့
တက်ကြကိုယ်စီ အပြုံးနှင့်။

- ရှေ့နောက်ဝဲယာ တောင်များစွာကို
ကျော်ကာဖြတ်လျက် တောင်ထိပ်ထက်ဝယ်
အသက်ရာကျော် ဆရာတော်က
"ဩော် ဩော်ကောင်းစွ ရောက်လာကြသည်
မာကြပါစေ သာကြစေ"ဟု
ခွန်းချွေဆေးလေး ဆုမွန်ပေးလျှင်
ငြိမ်းအေးရင်တွင်း စိမ့်ရေဆင်းသို့
ကင်းပအမော ပြေကျလျော၍
သောသောဖြိုးဖြိုး သဒ္ဓါနှိုးကာ
ရှိခိုးဦးချ ကန်တော့ရသည်
သာစွတောင်တော် ထွတ်ဖျား၌။ ။

**မြင်းမူမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဖိလစ်ပိုင်အစိုးရက လက်နက်ကိုင်တပ်များအတွက် တာလတ်ပစ်ဒုံးကျည်နှင့် တိုက်လေယာဉ်သစ်များ အင်အားဖြည့်တင်းရန် ဆန္ဒရှိနေ

**မနီလာ စက်တင်ဘာ ၁**

လက်နက်ကိုင် တပ်များ ခေတ်မီရေးအစီအစဉ်အရ ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ လက်နက်ကိုင်တပ်များအတွက် တာလတ်ပစ်ဒုံးကျည်များ၊ အဆင့်မြင့်ဂျက်တိုက်လေယာဉ်သစ်များဖြင့် အင်အား ဖြည့်တင်းပေးနိုင်ရန် ဆန္ဒရှိနေကြောင်း ဖိလစ်ပိုင်လုံခြုံရေး တာဝန်ရှိသူများက ဩဂုတ် ၃၀ ရက်တွင် ပြောကြားသည်။

ဒေသတွင်း တင်းမာမှုများ မြင့်တက်နေချိန်တွင် ဖိလစ်ပိုင်နိုင်ငံသည် လက်နက်ကိုင်တပ်များ ခေတ်မီရေး အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

လက်နက်ကိုင်တပ်များ ခေတ်မီရေးအစီအစဉ်အရ ဖိလစ်ပိုင်အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ အနည်းဆုံး ၃၃ ဘီလီယံ သုံးစွဲ၍ လက်နက်ကိုင်တပ်များအတွက် တာလတ်ပစ်ဒုံးကျည်များနှင့် ခေတ်မီစစ်လေယာဉ်များ ဝယ်ယူဖြည့်တင်းရန် ဆန္ဒရှိနေကြောင်း ဖိလစ်ပိုင်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရိုမီယိုဘရောနားက ထုတ်ဖော်ပြောကြားထားသည်။

ထိုနည်းတူ ဖိလစ်ပိုင်အစိုးရအနေဖြင့် လက်နက်ကိုင်တပ်များအတွက် လက်နက်သစ်များ ထပ်မံဝယ်ယူရေး အဆိုပြုချက်များကို စဉ်းစားသုံးသပ်နေကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဂျီလ်ဘာအိုတီအိုဒိုရိုကလည်း အတည်ပြုထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် လာမည့်နှစ်အတွင်း မဟာမိတ် အမေရိကန်နိုင်ငံနှင့် ပူးတွဲ၍ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် စီစဉ်ထားသည်။


တောင်တရုတ်ပင်လယ်ဒေသ၌ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံကြား အခြေအနေတင်းမာနေချိန်တွင် အမေရိကန်နိုင်ငံနှင့် ပူးတွဲ၍ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ဖိလစ်ပိုင်နိုင်ငံက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဘရစ်ဖွံ့ဖြိုးရေးဘဏ်သစ်တွင် အဖွဲ့ဝင်အဖြစ် အယ်လ်ဂျီးရီးယားနိုင်ငံ ပါဝင်ခွင့်ရ




**မော်စကို စက်တင်ဘာ ၁**

စီးပွားရေးအင်အားကြီးနိုင်ငံသစ်များဖြင့် ဖွဲ့စည်းထားသော ဘရစ်အုပ်စု၏ ဘရစ်ဖွံ့ဖြိုးရေးဘဏ်သစ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် တရားဝင် ပါဝင်ခွင့်ရခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဘရစ်ဖွံ့ဖြိုးရေးဘဏ်သစ်ကို မူလဘရစ်အုပ်စုဝင်နိုင်ငံများဖြစ်ကြသော ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့က ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ဘရစ်ဖွံ့ဖြိုးရေးဘဏ်သစ်၌ ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့် ဥရုဂွေးနိုင်ငံတို့သည်လည်း အဖွဲ့ဝင်သစ်များအဖြစ် ထပ်မံပါဝင်လာခဲ့သည်။

ထို့ပြင် ဘဏ်အဖွဲ့ဝင်နိုင်ငံအင်အားတိုးချဲ့ရေး အစီအစဉ်အရ ဘရစ်ဖွံ့ဖြိုးရေးဘဏ်သစ်၌ အယ်လ်ဂျီးရီးယားနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်ပါဝင်ခွင့်ရခဲ့ပြီဖြစ်ကြောင်း ဘဏ်အကြီးအကဲ ဒီလ်မာရူးဆက်ဖ်က ဩဂုတ် ၃၁ ရက်တွင် အတည်ပြုပြောကြားထားသည်။

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့၌ ဩဂုတ် ၃၁ ရက်တွင် ကျင်းပခဲ့သည့် ဘရစ်ဖွံ့ဖြိုးရေးဘဏ်သစ် ကိုးကြိမ်မြောက် ဆွေးနွေးပွဲတွင် အယ်လ်ဂျီးရီးယားနိုင်ငံကို အဖွဲ့ဝင်သစ်အဖြစ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် ဘရစ်ဖွံ့ဖြိုးရေးဘဏ်သစ်၏ ၁၀ဦးမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ဂျီးရီးယားနိုင်ငံ၌ မျောက်ကျောက်ကာကွယ်ဆေးထိုးနှံမှုကို လာမည့်အောက်တိုဘာလတွင် စတင်မည်

**အဘူဂျာ စက်တင်ဘာ ၁**

သက်ဆိုင်ရာ၏ အတည်ပြုချက်ရရှိပါက မျောက်ကျောက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံရေးလုပ်ငန်းကို ယခုနှစ် အောက်တိုဘာ ၈ ရက်တွင်စတင်ရန် နိုင်ဂျီးရီးယားနိုင်ငံက စီစဉ်ထားကြောင်း ဩဂုတ် ၃၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် အမေရိကန်အစိုးရ နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီမှတစ်ဆင့် မျောက်ကျောက်ဗိုင်းရပ်စ်ရောဂါ ကာကွယ်ဆေးများကို ပထမဆုံးအကြိမ်အဖြစ် အလုံးပေါင်း ၁၀၀၀၀ လက်ခံရရှိထားပြီးဖြစ်သည်။

အဆိုပါ မျောက်ကျောက်ကာကွယ်ဆေးများကို ယခုနှစ် အောက်တိုဘာ ၈ ရက်တွင် စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားအမျိုးသား ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မျောက်ကျောက်ကာကွယ်ဆေး ထိုးနှံရေးအစီအစဉ်တွင် ပြည်နယ်ပေါင်း ငါးခုတို့မှ ရောဂါဖြစ်နိုင်ခြေမြင့်မားသူ ဦးရေ ၄၇၅၀ ပါဝင်မည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ မျောက်ကျောက်ဗိုင်းရပ်ရောဂါ ကူးစက်မှုဖြစ်စဉ် ၄၀ ထိရှိပြီး သေဆုံးသူ လူနာ မရှိသေးကြောင်း သိရသည်။

အာဖရိက အနောက်ပိုင်းနိုင်ငံများ၌ အဓိကဖြစ်ပွားနေသော မျောက်ကျောက်ရောဂါကို နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ကြေညာထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်၌ ဘတ်စကားတစ်စီးတိမ်းမှောက် လူ ခုနစ်ဦးသေဆုံးပြီး ၃၇ ဦး ဒဏ်ရာရရှိ

**နယူးယောက် စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် ပြည်နယ်ချင်းဆက် အဝေးပြေးလမ်းပေါ်၌ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ဘတ်စကားတစ်စီး တိမ်းမှောက်ခဲ့ရာ လူခုနစ်ဦးသေဆုံး၍ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဘတ်စကားသည် မြောက်အရပ်သို့ဦးတည်မောင်းနှင်နေစဉ် ဘိုဗီနာအမည်ရှိ မြို့အနီးတွင် ကမ်းပေါ်မှချော်ထွက်၍ တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဘတ်စကား တိမ်းမှောက်မှုကြောင့် အချင်းဖြစ်ပွားရာနေရာ၌ ခြောက်ဦးသေဆုံး၍ ဆေးရုံတွင် တစ်ဦးသေဆုံးခဲ့ပြီး ၃၇ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားသည်။

မော်တော်ကားတာယာ ချို့ယွင်းချက်ကြောင့် ဘတ်စကား တိမ်းမှောက်ခဲ့ရခြင်း ဖြစ်နိုင်ကြောင်း အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံမှုဘုတ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဘတ်စကား တိမ်းမှောက်မှုသည် အမှတ် ၂၀ ပြည်နယ်ချင်းဆက် အဝေးပြေးလမ်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

၎င်းဘတ်စကားပေါ်၌ လိုက်ပါလာသူ ခရီးသည်အများစုမှာ လက်တင်အမေရိက ဒေသမှ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူကရိန်းအရှေ့ပိုင်း ဒေသတစ်ခုကို သိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်



**မော်စကို စက်တင်ဘာ ၁**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒွန်းနက်ဒေသရှိ လူနေဒေသတစ်ခုကို ရုရှားတပ်များက သိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ဩဂုတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းတပ်များက ရုရှားအနောက်ပိုင်း ခု(စ်)နယ်မြေအတွင်း ဝင်ရောက်တိုက်ခိုက်နေချိန်တွင် ရုရှားတပ်များက ယူကရိန်းအရှေ့ပိုင်း၌ စစ်ရေးအရ အသာစီးရရှိနေသည်။

ရုရှားနိုင်ငံသည် ဒွန်းနက်ဒေသကို ရုရှားအချုပ်အခြာအောက် ထည့်သွင်းထားပြီးဖြစ်သော်လည်း ဒေသတစ်ခုလုံးကို ထိန်းချုပ်နိုင်မှု မရှိသေးကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ရုရှားတပ်များအနေဖြင့် ခု(စ်)နယ်မြေအတွင်း ဝင်ရောက်လာသည့် ယူကရိန်းတပ်များကို နေရာနှစ်နေရာ၌ ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သီးခြားသတင်း ထုတ်ပြန်ထားသည်။

ခု(စ်)နယ်မြေကို တိုက်ခိုက်ခြင်းဖြင့် ယူကရိန်းအရှေ့ပိုင်းမှ ရုရှားကို အာရုံလွှဲရန်ကြိုးပမ်းမှုများမှာ အောင်မြင်လိမ့်မည်မဟုတ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း ယူကရိန်းတစ်နိုင်ငံလုံး၏ ငါးပုံတစ်ပုံကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံ နှစ်စင်းကို တစ်စင်းနှင့်တစ်စင်း တစ်နာရီကျော်မျှခြား၍ လွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဩဂုတ် ၃၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ နှစ်စင်းကို တစ်စင်းနှင့်တစ်စင်း တစ်နာရီကျော်မျှခြား၍ လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၁ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဩဂုတ် ၃၁ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ လွှတ်တင်ခဲ့ပြီး ၆၅ မိနစ်အကြာတွင် စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် ထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖယ်လ်ကွန်-၉ မစ်ရှင်နှစ်ခုလုံးမှာ အောင်မြင်မှုရှိခဲ့ပြီး စတားလင့်ခ်ဂြိုဟ်တုသစ် ၄၂ စင်းကို ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မစ်ရှင်နှစ်ခုလုံးတွင် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ပင်မဒုံးယာဉ်များသည် ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်များပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဩဂုတ် ၂၈ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် မောင်းသူမဲ့တွဲရေယာဉ်ပေါ် ပြန်လည်အဆင်းတွင် မီးလောင်ပေါက်ကွဲခဲ့ပြီးနောက် Space-X ကုမ္ပဏီသည် ဖက်ဒရယ် လေကြောင်းလုံခြုံရေးအေဂျင်စီ (FAA) ၏ စုံစမ်းစစ်ဆေးမှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ACS-3 နေစွမ်းအင်ရွက်လွှင့် နည်းပညာစမ်းသပ်အာကာသယာဉ် နေစွမ်းအင်ရွက်ပြားများကို အပြည့်အဝဖြန့်ထုတ်နိုင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ACS-3 အမည်ရှိ နေစွမ်းအင်ရွက်လွှင့်နည်းပညာစမ်းသပ်အာကာသယာဉ်သည် နေစွမ်းအင်ရွက်ပြားများကို အပြည့်အဝဖြန့်ထုတ်နိုင်ခဲ့ကြောင်း ဩဂုတ် ၃၁ ရက်သတင်းများအရ သိရသည်။

နောက်ဆုံး ရရှိထားသော သတင်းအချက်အလက်များအရ ACS-3 အာကာသယာဉ်သည် ဩဂုတ် ၂၉ ရက်တွင် နေစွမ်းအင်ရွက်ပြားများ ဖြန့်ထုတ်မှုစနစ်ကို အောင်မြင်စွာ ပြုလုပ်ခဲ့ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် နေစွမ်းအင်ရွက်လွှင့်နည်းပညာကို စမ်းသပ်ရေးအတွက် ACS-3 အာကာသယာဉ်ကို Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် ယခုနှစ်ဧပြီ ၂၄ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နေစွမ်းအင် ရွက်လွှင့်နည်းပညာသည် ကမ္ဘာပေါ်၌ ရွက်လှေများ လေ၏တွန်းအားဖြင့် ရွက်တိုက်သွားလာသကဲ့သို့ ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင်လည်း နေရောင်တွင်ပါဝင်သည့် ဖိုတွန်အလင်းမှုန်များ၏ တွန်းအားဖြင့် အာကာသယာဉ်များ ပျံသန်းမှုနည်းပညာဖြစ်သည်။

လက်ရှိတွင် ACS-3 အာကာသယာဉ်သည် ကမ္ဘာမြေပြင်အထက် မိုင် ၆၀၀ ခန့်အကွာရှိ ပတ်လမ်းပေါ်တွင် ပျံသန်းလျက်ရှိသည်။

နေစွမ်းအင် ရွက်ပြားများ အပြည့်အဝ ဖြန့်ထုတ်ပြီးချိန်တွင် ACS-3 အာကာသယာဉ်၏ အရွယ်အစားမှာ စတုရန်းမီတာ ၈၀ ထိ ရှိလာကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ကြယ်စုကြီးနှစ်ခု ဝင်တိုက်ပေါင်းစည်းမှုဖြစ်စဉ်ကို သိပ္ပံပညာရှင်များ လေ့လာ

**တိုကျို စက်တင်ဘာ ၁**

စကြဝဠာခေတ်ဦးတွင် ပေါ်ထွက်ခဲ့သည့် ကြယ်စုကြီးနှစ်ခု ဝင်တိုက်ပေါင်းစည်းမှုဖြစ်စဉ်ကို ဂျပန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များက တွေ့ရှိလေ့လာနိုင်ခဲ့ကြောင်း ဩဂုတ် ၃၁ ရက်သတင်းများအရ သိရသည်။

အဆိုပါကြယ်စုကြီးနှစ်ခု ဝင်တိုက် ပေါင်းစည်းမှုဖြစ်စဉ်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၁၂ ဒသမ ၈ ဘီလီယံအကွာ၌ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ပေါင်းစည်းမှု ဖြစ်စဉ်ပြီးဆုံးချိန်တွင် အဆိုပါကြယ်စုနှစ်ခုသည် အလွန်တရာကြီးမားသော ကြယ်စုကြီးတစ်ခုအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပြီး စကြဝဠာ၏ အလင်းအားအကောင်းဆုံး အာကာသနယ်မြေတစ်ခုလည်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

စကြဝဠာခေတ်ဦး ကြယ်စုနှစ်ခု ဝင်တိုက်ပေါင်းစည်းမှုဖြစ်စဉ်ကို ချီလီနိုင်ငံအခြေစိုက် အယ်လ်မာရေဒီယို တယ်လီစကုပ်အကူအညီဖြင့် သိပ္ပံပညာရှင်များက လေ့လာနိုင်ခဲ့ခြင်းဖြစ်သည်။

ပေါင်းစည်းနေဆဲ ကြယ်စုနှစ်ခုမှာ စကြဝဠာစတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီး ပထမနှစ်သန်း ၉၀၀ အတွင်း ပေါ်ထွက်ခဲ့သော ကြယ်စုများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်အများစုလက်ခံထားသော သီအိုရီအရ ခေတ်ဟောင်း ကြယ်ဝများပြားသော ကြယ်စုကြီးများ ပေါင်းစည်းမိချိန်တွင် တစ်ခုတည်းသော ကြယ်စုကြီးတစ်ခု ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အချို့သူများတွင် စိတ်ကျရောဂါဝင်ရောက်မှုက ဦးနှောက်အတွင်း အဆီပ်အတောက်ရှိ ပရိုတင်းအနည်များ စုစည်းမှုနှင့်ဆက်စပ်နေ

**နယူးယောက် စက်တင်ဘာ ၁**

အချို့သောသူများတွင်စိတ်ကျရောဂါဝင်ရောက်မှုသည် ဦးနှောက်အတွင်း အဆိပ်အတောက်ရှိ ပရိုတင်းအနည်များ စုစည်းမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျဝေဒနာသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာတစ်မျိုး ဖြစ်နေနိုင်ကြောင်း အမေရိကန်နိုင်ငံ ဘီဒဗလျူအိတ်ချ်ဆေးရုံကြီးမှ သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်အတွင်း ဘီတာအမီလွိုက် ခေါ် ပရိုတင်းအနည်အနှစ်များစုစည်းမှုသည် အယ်ဇိုင်းမားရောဂါ၏ နောက်ခံအကြောင်းတရားဖြစ်နိုင်သည်ဟု ဆေးပညာလောကက ယုံကြည်ထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်ကြား ကာလအတွင်း စိတ်ကျဝေဒနာခံစားခဲ့ကြရသည့် လူပေါင်း ၁၅၄ ဦးတို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လူနာများ၏ စိတ်ကျဝေဒနာ လက္ခဏာများ တဖြည်းဖြည်းဆိုးလာမှုသည် စိတ်ခံစားမှုကို ထိန်းချုပ်ပေးသော ဦးနှောက်နယ်မြေအတွင်း ဘီတာအမီလွိုက်ပရိုတင်း အနည်အနှစ်များ စုစည်းလာမှုနှင့် ဆက်စပ်နေသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Ozempic နှင့် Wegovy ဆေးက နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် စက်တင်ဘာ ၁**

Ozempic နှင့် Wegovy ဆေးသည် သုံးစွဲသူများ၏ နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေနှင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေတို့ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၃၁ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Ozempic နှင့် Wegovy ထိုးဆေးသည် ကိုဗစ်ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဝလွန်သူ၊ နှလုံးရောဂါရှိသူများပါဝင်သော လူပေါင်း ၁၇၀၀၀ တို့၏ အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Ozempic နှင့် Wegovy ဆေးဖြင့် ကုထုံးရယူထားသူများတွင် နှလုံးခုန်ရပ်တရက်ရပ်မှုပြဿနာ ပေါ်လာနိုင်ခြေနှင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေတို့ ပုံမှန်ထက် နည်းပါးလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ozempic နှင့် Wegovy ထိုးဆေးသည် နှလုံး၏ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းလည်ပတ်မှုတို့အပေါ် အကျိုးသက်ရောက်မှုရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်တွင် ပွဲအနည်းဆုံးဖြင့် ဟက်ထရစ်ဂိုး ရှစ်ကြိမ်ရရှိသည့် ကစားသမားအဖြစ် ဟာလန်းမှတ်တမ်းဝင်

လန်ဒန် စက်တင်ဘာ ၁

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် ဝက်စ်ဟမ်းအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ပွဲအနည်းဆုံးဖြင့် ဟက်ထရစ်ဂိုး ရှစ်ကြိမ်ထိရရှိသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အာဆင်နယ် တိုက်စစ်မှူးဟောင်း ဟင်နရီက ပြိုင်ပွဲ ၂၅၈ ပွဲတွင် ဟက်ထရစ် ရှစ်ကြိမ်ထိ ရရှိခဲ့ကာ စပါးအသင်း တိုက်စစ်မှူးဟောင်း ဟယ်ရီကိန်းက ပြိုင်ပွဲပေါင်း ၃၂၀ ဖြင့်လည်းကောင်း၊ မန်ယူအသင်း တိုက်စစ်မှူးဟောင်း အိုဝင်က ပြိုင်ပွဲပေါင်း ၃၂၆ ပွဲဖြင့် လည်းကောင်း ဟက်ထရစ်ဂိုး ရှစ်ကြိမ်ထိ သွင်းယူနိုင်ခဲ့သော်လည်း တိုက်စစ်မှူး ဟာလန်းက ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်အပြီးတွင် ပြိုင်ပွဲပေါင်း ၆၈ ပွဲဖြင့် ဟက်ထရစ်ဂိုး ရှစ်ကြိမ် ရရှိခဲ့ကြောင်း သိရသည်။

ဟာလန်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က အစ်ဗ့်စ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ယခု ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင်လည်း ပွဲချိန် ၁၀ မိနစ်၊ ပွဲချိန် မိနစ် ၃၀၊ ပွဲချိန် ၈၃ မိနစ်တို့တွင် ဂိုးများ သွင်းယူကာ အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပွဲစဉ်(၃) အပြီးတွင် သွင်းဂိုး ခုနစ်ဂိုး သွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

လက်ရှိချန်ပီယံ မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ် ပြိုင်ပွဲ သုံးပွဲကစားအပြီးတွင် ရမှတ် ကိုးမှတ်ရရှိခဲ့ကာ အမှတ်ပေးဇယား အဆင့်(၁)တွင် ဦးဆောင်နေသကဲ့သို့ လာမည့် စက်တင်ဘာ ၁၄ ရက်တွင် ဘရန့်ဖို့ဒ်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံ ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML




## အားကစားသတင်းအတိုအထွာများ

- ❑ လက်စတာအသင်းက ပဲလေ့စ်အသင်း တိုက်စစ်မှူး အီဒိုအာ့ဒ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။
- ❑ ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့သွားသည့် စမောလင်းနေရာတွင် ဒေါ့မွန်ကစားသမား ဟမ်းမဲလ်နှင့်အစားထိုးခဲ့ကြောင်း ရိုးမားအသင်းက ထုတ်ပြန်ခဲ့သည်။
- ❑ နွေရာသီအပြောင်းအရွှေ့ကာလပိတ်သိမ်းချိန်တွင် ဘရိုက်တန်အသင်းက အသားတင်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅၁ ဒသမ ၅ သန်းထိ အများဆုံးအသုံးပြုခဲ့သည့် အသင်းအဖြစ် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။
- ❑ မန်ယူအသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို လူငယ်တောင်ပံကစားသမား အာမက်ဒီရယ်လိုက ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

ML

# WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်း အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ် ထုတ်ပြန်ကြေညာ




နယူးယောက် စက်တင်ဘာ ၁

ဝယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဖြစ်သူ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်သည် ယာယီလိုက်ဝိတ်တန်း ချန်ပီယံ ဖြစ်လာခဲ့ပြီးနောက် လိုက်ဝိတ်တန်းသို့ ရွှေ့ပြောင်းထိုးသတ်ရန်အတွက် WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အား ကာကွယ်ထိုးသတ်သွားတော့မည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအား လက်လွှတ်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည့်အတွက် ခရောဖို့ဒ်အနေဖြင့် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဘွဲ့ကိုပါ လက်လွှတ်လိုက်ရပြီး လိုက်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့ကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

WBA အဖွဲ့ချုပ်က "ခရောဖို့ဒ်ဟာ WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း အဖွဲ့ချုပ်ကို တရားဝင်အသိပေးအကြောင်းကြားစာပို့လာပါတယ်။ ခရောဖို့ဒ်အနေနဲ့ စည်းမျဉ်းစည်းကမ်းအရ WBA ဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ရမဲ့အချိန်ကာလရောက်လာပြီ ဖြစ်တဲ့အတွက် ချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားတဲ့ ဂျာရွန်အန်နစ်နဲ့ ထိုးသတ်သွားဖို့ အဖွဲ့ချုပ်က အသိပေးအကြောင်းကြားခဲ့ပါတယ်။ ခရောဖို့ဒ်က လက်ရှိချန်ပီယံကို ကာကွယ်ဖို့ ဆန္ဒမရှိတော့ဘဲ လိုက်ဝိတ်တန်းမှာပဲထိုးသတ်သွားဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် သူ့အနေနဲ့ WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ရမှာဖြစ်ပါတယ်။ ခရောဖို့ဒ်အနေနဲ့လည်း စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်သွားဖို့နဲ့ သူ့အနေနဲ့လဲ WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း အသိပေးလာခြင်းဖြစ်ပါတယ်" ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ စက်တင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးခဲ့ပြီးနောက် ရှုံးထွက်အဆင့်ပွဲစဉ်များကို စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁) ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂) ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းလိဂ်ပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ပြီးခဲ့သည့် စက်တင်ဘာ ၂၅ ရက်မှ စတင် ကျင်းပနေခြင်းဖြစ်ပြီး ဩဂုတ် ၃၁ ရက် အုပ်စုပွဲစဉ်များ ပြီးဆုံးခဲ့ပြီးနောက် ပြိုင်ပွဲကို တစ်ရက် ရပ်နားခဲ့ခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲတွင် Pyae Sone FC အသင်းနှင့် Power HBI FC အသင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် TG United အသင်းနှင့် YCDC Marga FC အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ နေ့လယ် ၁ နာရီတွင် Winner Soccer အသင်းနှင့် M-Millions FC အသင်း၊ နေ့လယ် ၂ နာရီ ၄၅ မိနစ်တွင် UPK FC အသင်းနှင့် MH Dream Team အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဒေါ့မွန်တိုက်စစ်မှူး ဟော်လာ လီဂါနက်စ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

ဘာလင် စက်တင်ဘာ ၁

ဒေါ့မွန်အသင်းသည် အသင်းတိုက်စစ်မှူး ဟော်လာကို ပုံမှန်ပွဲကစားခွင့် မပေးနိုင်သောကြောင့် လာလီဂါကလပ် လီဂါနက်စ်အသင်းသို့ အပြောင်းအရွှေ့မပိတ်သိမ်းမီ နောက်ဆုံးအချိန်တွင် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့သည်။

တိုက်စစ်မှူး ဟော်လာသည် အသင်းမှ ဟာလန်းထွက်ခွာသွားပြီးနောက် ၎င်းနေရာတွင် အစားထိုးရန်အတွက် ဒေါ့မွန်အသင်း တာဝန်ရှိသူများက အေဂျက်အသင်းမှ ခေါ်ယူခဲ့သော်လည်း ကစားသမားအနေဖြင့် အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ကင်ဆာရောဂါ ခံစားခဲ့ရကာ ကာလရှည် အနားယူခဲ့ရသောကြောင့် အသင်းနှင့် ပြိုင်ပွဲစုံ ၄၁ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်သာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ဒေါ့မွန်အသင်းသည် တိုက်စစ်ပိုင်းအတွက် ဟော်ဖန်ဟိမ်းအသင်းမှ ဗီအီရာ၊ စတုဂတ်အသင်းမှ ဂီရက်ဆီတို့ကို ခေါ်ယူခဲ့သဖြင့် ဟော်လာကို ပုံမှန်ပွဲကစားခွင့်ပေးရန် အခက်တွေ့နေသဖြင့် လီဂါနက်စ်အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်။



အသက် ၃၀ နှစ်ရှိ တိုက်စစ်မှူး ဟော်လာသည် ကစားသမားဘဝကို ပြင်သစ်ကလပ် အော့ဇေးအသင်းနှင့်စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နယ်သာလန်ကလပ် အုထရက် အသင်းသို့လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဂျာမနီကလပ် ဖရန့်ဖတ်အသင်းသို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသို့လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် အေဂျက်အသင်းသို့လည်းကောင်း ပြောင်းရွှေ့ကစားခဲ့ရာတွင် အေဂျက်အသင်းနှင့်အတူ ကစားသမားဘဝ အောင်မြင်မှုရရှိခဲ့ပြီး ပြိုင်ပွဲစုံ ၆၆ ပွဲတွင် ၄၇ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ဒေါ့မွန်အသင်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က AV ကုမ္ပဏီထံမှ Switchblade Kamikaze ဒရုန်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့



အမေရိကန်ကြည်းတပ်သည် ဗာဂျီးနီးယားအခြေစိုက် AeroVironment (AV) ကုမ္ပဏီထံမှ Switchblade Kamikaze ဒရုန်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ ကြည်းတပ်သည် အဆိုပါစာချုပ်ကို ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးခန့်တန်ဖိုးရှိကာ အရေအတွက်အားဖြင့် တိတိကျကျဖော်ပြထားခြင်းမရှိသော်လည်း မှာယူထားသောဒရုန်းများကို လအနည်းငယ်အတွင်းရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါဒရုန်းများသည် ခြေလျင်တပ်ရင်းများမှ စစ်သည်များအတွက် သယ်ဆောင်ရလွယ်ကူသော တိုက်ခိုက်ရေးဒရုန်းများတပ်ဆင်ပေးရန် အမေရိကန်တပ်မတော်၏ ပထမဆုံးကြိုးပမ်းအားထုတ်မှုဖြစ်သည်။ Switchblade Kamikaze ဒရုန်းများသည် ပျံသန်းရာတွင် တိကျစွာလုပ်ဆောင်နိုင်ခြင်း၊ တင့်ကား၊ သံချပ်ကာကားများကဲ့သို့ အခိုင်အမာပစ်မှတ်များကို အဖျက်စွမ်းအားပြင်းပြင်း တိုက်ခိုက်ချေမှုန်းနိုင်ခြင်းနှင့် မြင်ကွင်းလွန် ရွေ့လျားပစ်မှတ်များကို တိုက်ပွဲဝင်နိုင်ခြင်းစသည့် စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသည်။

Switchblade Kamikaze ဒရုန်းစနစ်တွင် အသားကျဖြစ်မှုနှင့် တိုက်ပွဲဝင်ထိရောက်မှုကို အလေးပေးဖော်ပြနေသည့်အပြင် ဒရုန်းနယ်ပယ်တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များထံ လျင်မြန်စွာပေးပို့သွားနိုင်ရေး AV ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ရပ်တည်ချက်ကို ပြသနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

AV ကုမ္ပဏီသည် ယူကရိန်းတွင် ရောက်ရှိနေသော အဆိုပါဒရုန်းများကို လက်တွေ့ကျကျ စစ်မြေပြင်အသုံးပြုတိုက်ပွဲဝင်နိုင်မှုရလဒ်များထံမှ အတွေ့အကြုံ၊ ပြန်လည်ပြောပြချက်များအပေါ် လေ့လာဖော်ထုတ်အသုံးချ၍ ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်လုပ်ဆောင်နေမှုတွင် များစွာအထောက်အကူရလျက်ရှိကြောင်း သိရသည်။

အကွာအဝေးစွမ်းရည် တိုးမြှင့်ထားသော Switchblade Kamikaze တိုက်ခိုက်ရေး မျိုးဆက်သစ်ဒရုန်းဗားရှင်းတွင် ပစ်မှတ်ကိုထောက်လှမ်း၊ စိစစ်ခွဲခြားနိုင်မှု ပိုမိုတိကျလာပြီး လေထဲတွင် မိနစ် ၄၀ ကြာပျံဝဲ၍ တိုက်ပွဲဝင်နိုင်စွမ်းရှိကာ တာဝေးမှ အရွယ်အစားကြီးမားသော တင့်ကား၊ သံချပ်ကာကားပစ်မှတ်များကို တိုက်ခိုက်ရှင်းလင်းနိုင်ရန် အားကောင်းသည့် သံချပ်ကာဖောက်ထိပ်ဖူးတပ်ဆင်ကြောင်း သိရသည်။

ခေတ်မီဆန်းသစ်သော ရုပ်ထွက်အရည်အသွေးမြင့် EO/IR Gimbal အာရုံခံကိရိယာများနှင့် အဆင့်မြင့်ပျံသန်းထိန်းချုပ်ရေးစနစ်တို့နှင့်အတူ Switchblade Kamikaze သည် ဒရုန်းပြွန်(Tube) ဖြင့်ပစ်လွှတ်ခြင်း၊ ပျံသန်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် တိုက်ပွဲဝင်ခြင်းတို့ကို လုပ်ဆောင်နိုင်စေခြင်းဖြင့် လှုပ်ရှားစစ်ကစားမှုမြင့်မားကောင်းမွန်စွာအသုံးပြုနိုင်စေမည်ဖြစ်သည်။ ပြင်ပအာရုံခံထောက်လှမ်းရေးစနစ်များ ပစ်ခတ်ရေးနည်းလမ်းများ သီးခြားမလိုအပ်သည့်အတွက် ရှေ့တန်းကျကျ တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။ ပစ်မှတ်ရွေးချယ်မှု ထပ်မံပြင်ဆင်ချက် ပေးနိုင်သည့်အပြင် ရည်မှန်းချက်တာဝန် ထမ်းဆောင်မှုကို ပြန်လည်ပယ်ဖျက်၊ ပြင်ဆင်ချက်ပေးနိုင်စွမ်းရှိသည့်အတွက် မူလပစ်မှတ် သို့မဟုတ် အခြားပစ်မှတ်များကို တိုက်ခိုက်ရန် အော်ပရေတာအနေဖြင့် အကြိမ်များစွာ အမိန့်ပေး လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နည်းပညာဆိုင်ရာ အချက်အလက်များအနေဖြင့် Switchblade Kamikaze ဒရုန်းသည် တစ်နာရီလျှင် ပျမ်းမျှအမြန်နှုန်း ကီလိုမီတာ ၁၄၀၊ အလေးချိန် ၁၅ ကီလိုဂရမ်နှင့် ကီလိုဂရမ် ၃၀ အလေးချိန်ရှိပြီး ခန့်မှန်းခြေအားဖြင့် အကွာအဝေး ကီလိုမီတာ ၃၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ထို့ကြောင့် Switchblade Kamikaze သည် ယူကရိန်းပဋိပက္ခအတွင်း တိုက်ခိုက်ရေးနည်းပညာများတွင် အမေရိကန်ကြည်းတပ်ကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည့် နည်းဗျူဟာမြောက်တိုက်ခိုက်ရေးလက်နက်တစ်ခုဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**US Army buys $1B worth of Switchblade kamikaze drones ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖိလစ်ပိုင်နိုင်ငံက တာဝေးပစ်ဒုံးကျည်များနှင့် တိုက်လေယာဉ်အစင်း ၄၀ ဝယ်ယူရန် စီစဉ်နေ



ဖိလစ်ပိုင်နိုင်ငံသည် စစ်ရေးစွမ်းရည်မြှင့်တင်ရန်အတွက် တာဝေးပစ်ဒုံးကျည်အသစ်များနှင့် တိုက်လေယာဉ်အစင်း ၄၀ ဝယ်ယူရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဖိလစ်ပိုင်စစ်ဦးစီးချုပ် ရိုမီယိုဘရူနာဂျူနီယာက နိုင်ငံတော်၏အချုပ်အခြာအာဏာအပေါ် ခြိမ်းခြောက်မှုများကြောင့် ပိုမိုအဆင့်မြင့်သောလက်နက်စနစ်များ ဝယ်ယူရန်ဆန္ဒရှိကြောင်း ဩဂုတ် ၂၆ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံတပ်မတော်ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များအတွက် အသင့်တော်ဆုံးအဆင်ပြေမည့်လက်နက်များ ရှာဖွေဝယ်ယူဖြည့်တင်းသွားနိုင်ရန် ကုမ္ပဏီအသီးသီးထံမှ အဆိုပြုကမ်းလှမ်းမှုများကို ပြန်လည်ဖတ်ရှုသုံးသပ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီး Gilberto Teodoro က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ခေတ်မီအဆင့်မြင့် တိုက်လေယာဉ် အစင်း ၄၀ ဝယ်ယူရန် စီစဉ်ထားသော်လည်း မည်သည့်မော်ဒယ်များဖြစ်ကြောင်း ပြောကြားခဲ့ခြင်းမရှိပေ။

တောင်တရုတ်ပင်လယ်တွင် မကြာသေးမီက တင်းမာမှုများအရှိန်မြင့်လာနေသောကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ဆယ်စုနှစ်များအတွင်း နိုင်ငံ၏ အဆိုးရွားဆုံး လုံခြုံရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသည်။ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံသည် ရေတပ်ချင်းထိပ်တိုက်တွေ့ဆုံမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ တပ်မတော်သားများ ထိခိုက်ဒဏ်ရာရခြင်း၊ ရေယာဉ်များပျက်စီးခြင်းနှင့် ရေကြောင်းကင်းလှည့်ခြင်းများတွင် အန္တရာယ်ဖြစ်စေသော အကြောင်းရင်းများစွာဖြစ်ပေါ်ခဲ့ကြသည်။ နောက်ဆုံးပေါ်လက်နက်စနစ်များ ဝယ်ယူဖြည့်တင်းသွားမည့် လက်ရှိအစီအစဉ်သည် တရုတ်နိုင်ငံနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားချိန်တွင် ထိရောက်သောအဟန့်အတားဖြစ်စေရန် ရည်ရွယ်ထားကြောင်း ဖိလစ်ပိုင်စစ်ဦးစီးချုပ် ရိုမီယိုဘရူနာဂျူနီယာက ပြောကြားခဲ့သည်။

ထိုသို့ လုပ်ဆောင်ရန် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များကို စွမ်းရည်မြှင့်တင်မှုများပြုလုပ်ကာ မိမိကိုယ်ကို အားကိုးနိုင်သောအနေအထားတစ်ရပ်ရောက်ရှိအောင် လုပ်ဆောင်ခြင်းဖြင့် ဖိလစ်ပိုင်တပ်မတော်ကို ကမ္ဘာ့အဆင့်မီတည်ဆောက်နိုင်ရန် ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သောဖိလစ်ပိုင်နိုင်ငံသည် အိန္ဒိယနိုင်ငံထုတ် BrahMos ခရုဇ်ဒုံးကျည်ကို ဝယ်ယူထားပြီးဖြစ်သည်။ ၂၀၂၂ ခုနှစ်က အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန်ဖိုးရှိ BrahMos ခရုဇ်ဒုံးကျည် ဝယ်ယူရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

အဆိုပါ BrahMos ခရုဇ်ဒုံးကျည်သည် တိုက်ခိုက်မှုအကွာအဝေး ကီလိုမီတာ ၅၀၀ ထိရှိပြီး အမြင့် ၁၅ ကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

**Philippines Mulls Purchase of Mid-Range Missiles, 40 Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်သွားမည့် တရုတ်နှင့်အင်ဒိုနီးရှား

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တိုသည် တရုတ်နိုင်ငံသို့ အရွေးကောက်ခံသမ္မတအဖြစ် ပထမဆုံးပြည်ပခရီးစဉ် သွားရောက်ခဲ့သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပရာဘိုဝိုဆူဘီယန်ကို ပြည်သူ့ခန်းမဆောင်ကြီး၌ နွေးထွေးစွာကြိုဆိုခဲ့သည်။ ၎င်းခရီးစဉ်သည် နှစ်နိုင်ငံကြား နက်ရှိုင်းသော အပြန်အလှန်ဆက်ဆံရေးကို ထင်ဟပ်စေလျက်ရှိသောကြောင့် နှစ်နိုင်ငံကြား တိုးတက်လျက်ရှိသော စီးပွားရေးဆိုင်ရာ ဆက်ဆံရေးနှင့် ပြည်သူအချင်းအချင်း အပြန်အလှန်ဖလှယ်မှုတို့ကို မီးမောင်းထိုးပြသလျက်ရှိသည်။

နှစ်နိုင်ငံကြား ခိုင်မာအားကောင်းသော ချိတ်ဆက်မှုများရှိသော်လည်း အင်ဒိုနီးရှားနှင့် တရုတ်တို့ကြား စစ်ရေးဆိုင်ရာဆက်ဆံရေးကိုမူ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။ အမှန်တော့ North Natuna ပင်လယ်ပြင်တွင် အငြင်းပွားမှုများရှိနေသောကြောင့် နှစ်နိုင်ငံကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၏ အဓိကအစိတ်အပိုင်းဖြစ်သော နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ၂၀၁၅ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။ သို့သော် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် တရုတ်နှင့်အင်ဒိုနီးရှား နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများ၏ ဆွေးနွေးပွဲကာလအတွင်း နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ရန်သဘောတူညီခဲ့ကြသည်။ ထိုသို့ပြုလုပ်ခြင်းမှတစ်ဆင့် ၎င်းတို့၏ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်သက်ဝင်လှုပ်ရှားလာမည်ဖြစ်သည်။

အရှေ့တောင်အာရှတွင် ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများ မြင့်တက်လျက်ရှိစဉ် အင်ဒိုနီးရှားနိုင်ငံအတွက်မူ စစ်ရေးလေ့ကျင့်မှုများသည် ၎င်း၏ တက်ကြွပြီး လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို လက်တွေ့ပြသမှု နည်းလမ်းတစ်ရပ်ပင်ဖြစ်သည်။ ဒေသတွင်း အမေရိကန်ဦးဆောင်သော စစ်ရေးလေ့ကျင့်မှုများတွင် အဓိကပါဝင်ဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ၏ တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် ဆုံးဖြတ်ခြင်းသည် ၎င်းအနေဖြင့် ပထဝီဆိုင်ရာပြိုင်ဆိုင်မှုတွင် မည်သည့်ဘက်မှ ရပ်တည်ခြင်းမရှိကြောင်း အမေရိကန်နှင့်တရုတ်နိုင်ငံတို့ကို ရှင်းလင်းသောသတင်းစကားပေးပို့ခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း တရုတ်နိုင်ငံသည် စစ်ရေးလေ့ကျင့်မှုကို အင်ဒိုနီးရှားနိုင်ငံနှင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် အသုံးပြုသွားလိုသော ဆန္ဒရှိနေသည်။ အကြောင်းမူကား အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများကို စည်းရုံးနိုင်စွမ်းရှိပြီး ဒေသတွင်းလုံခြုံရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှုများတွင် လွှမ်းမိုးမှုရှိသဖြင့် ASEAN ၏ခေါင်းဆောင်အဖြစ် သဘောထားလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

**တက်ကြွပြီးလွတ်လပ်သောနိုင်ငံခြားရေးမူဝါဒ**

၁၉၄၉ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် စတင်ထူထောင်ခဲ့သော အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်ပြီး တက်ကြွသော နိုင်ငံခြားရေးမူဝါဒသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရန် သံခင်းတမန်ခင်းအရ တက်ကြွစွာ ထိတွေ့ဆက်ဆံနေစဉ်မှာပင် ဘက်မလိုက်လှုပ်ရှားမှုကို အလေးထားကျင့်သုံးလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပတပ်ဖွဲ့များ လက်ခံရန်မနှစ်သက်သောကြောင့် ၂၀၀၇ ခုနှစ် မတိုင်မီထိ အမေရိကန်အပါအဝင် အင်အားကြီးနိုင်ငံများ စစ်ရေးလေ့ကျင့်မှုများပြုလုပ်မှုကို ရှောင်ရှားခဲ့သည်။ သို့သော် စစ်အေးတိုက်ပွဲလွန်ကာလတွင် အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လာခဲ့သည်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစွမ်းဆောင်ရည်များမြှင့်တင်ရေး ရည်ရွယ်ချက်ဖြင့် ၂၀၀၇ ခုနှစ်မှစ၍ Garuda Shield စစ်ရေးလေ့ကျင့်မှုကို နှစ်စဉ်ပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုများသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု မစ်ရှင်များတွင် ဆဋ္ဌမမြောက် အကြီးမားဆုံးပါဝင်ဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံအတွက် များစွာအရေးပါလျက်ရှိသည်။ အမေရိကန်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် လက်တွေ့တိုက်ပွဲဝင်အတွေ့အကြုံများ ရရှိစေပြီး ကျွန်းစုများကာကွယ်ရေးအတွက် စစ်ဘက်နည်းပညာများရရှိစေခဲ့သည့်အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာမှု (HADR) အတွက် ကြိုးပမ်းမှုများကို ပိုမိုတောင့်တင်းခိုင်မာလာစေလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် လွတ်လပ်ပြီးတက်ကြွသော နိုင်ငံခြားရေးမူဝါဒထိန်းသိမ်းမှုနှင့်အတူ ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသဘောတူညီချက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားရန်ပါရှိသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အင်ဒိုနီးရှားတပ်မတော်(TNI-AD)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) တို့သည် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ရေးလေ့ကျင့်မှု Sharp Knife ကို နှစ်စဉ်ပြုလုပ်ခဲ့သည်။

သို့သော် နှစ်နိုင်ငံကြား အကြီးမားဆုံးစိန်ခေါ်မှုသည် North Natuna ပင်လယ်ပြင် အငြင်းပွားမှုပင်ဖြစ်ပြီး အမှတ်(၁၀)မျဉ်းပြိုင်အရ တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ ပိုင်ဆိုင်မှုတောင်းဆိုချက်များသည် အင်ဒိုနီးရှား၏ အထူးစီးပွားရေးဇုန်နှင့်ကန့်လန့်ဖြတ်လျက်ရှိသည်။ တရုတ်ငါးဖမ်းသင်္ဘောများအပေါ် အင်ဒိုနီးရှားနိုင်ငံ၏ အရေးယူဆောင်ရွက်မှုနှင့် သံခင်းတမန်ခင်းဆိုင်ရာ တင်းမာမှုများကြောင့် ၂၀၁၅ ခုနှစ်တွင် Sharp Knife စစ်ရေးလေ့ကျင့်မှုကို ရပ်ဆိုင်းခဲ့သည်။ ထိုအချိန်မှစ၍ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို တစ်နှစ်နှစ်ကြိမ်ပြုလုပ်သည့် နိုင်ငံပေါင်းစုံ ရေတပ်စစ်ရေးလေ့ကျင့်မှု Komodo ကဲ့သို့သော နိုင်ငံပေါင်းစုံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်လေ့ကျင့်ရန် တရုတ်နိုင်ငံကို ဖိတ်ကြားခဲ့သော်လည်း PLA နှင့် TNI-AD တို့ကြား နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ခြင်းမရှိတော့ပေ။



၂၀၂၄ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားရွေးကောက်ခံသမ္မတ ပရာဘိုဝိုဆူဘီယန်တိုနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိတို့သည် နှစ်နိုင်ငံကြား စစ်ရေးဆိုင်ရာ အပြန်အလှန်ဖလှယ်မှုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြန်လည်လုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြသည်။ အမေရိကန်-တရုတ် ယှဉ်ပြိုင်မှုနှင့်ဒေသတွင်းမြင့်တက်လာသော အမေရိကန်၏ စစ်ရေးလှုပ်ရှားမှုများသည် အင်ဒိုနီးရှားနိုင်ငံကို ပဋိပက္ခအတွင်းသို့ ဆွဲခေါ်နိုင်သည်ဆိုသော စိုးရိမ်ပူပန်မှုများကြောင့် တရုတ်နှင့် အင်ဒိုနီးရှားတို့ကြား နှစ်နိုင်ငံဆွေးနွေးမှုများပြန်လည်လုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြန်လည်စတင်ရန် အလားအလာသည် အဓိကကျသော ရည်မှန်းချက်နှစ်ရပ်အောင်မြင်ရန် ရည်မှန်းထားရှိသည်။ ပထမအချက်မှာအင်ဒိုနီးရှားနိုင်ငံအနေဖြင့် အမေရိကန်ဦးဆောင်သောGaruda Shield စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခြင်းသည် သဘာဝဘေးအန္တရာယ်ကဲ့သို့သော သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများ ဖြေရှင်းရေးဆိုင်ရာစွမ်းဆောင်ရည်များ တိုးတက်ခိုင်မာအားကောင်းရေးအပေါ် အလေးထားရန်နှင့် UN ငြိမ်းချမ်းရေးထိန်းသိမ်းမှုစစ်ဆင်ရေးများ တိုးတက်စေရန်ဆိုသည့် ရည်ရွယ်ချက်များကို တရုတ်နိုင်ငံကို အာမခံချက်ပေးရန်ဖြစ်သည်။ ဒုတိယအချက်မှာ တရုတ်နိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကြားနေဝါဒ ဆက်လက်စွဲကိုင်ထားရှိပြီး အင်အားကြီးနှစ်နိုင်ငံကြား မည်သည့်ဘက်ကိုမျှရပ်တည်သွားမည်မဟုတ်ကြောင်း အမေရိကန်ကို အသိပေးသွားရန်ပင်ဖြစ်သည်။

**ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ဒေသတွင်းတင်းမာမှုများလျှော့ချခြင်း**

အင်ဒိုနီးရှားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြန်လည်လုပ်ဆောင်ခြင်းအပေါ် တရုတ်နိုင်ငံ၏ စိတ်ပါဝင်စားမှုသည် ယုံကြည်မှုတည်ဆောက်သွားလိုသည့် စိတ်ဆန္ဒမှဖြစ်ပေါ်လာခြင်းဖြစ် သည်။ ၂၀၂၄ ခုနှစ် အရှေ့တောင်အာရှအခြေအနေ စစ်တမ်းအရ အင်ဒိုနီးရှားပြည်သူ ၅၇ ရာခိုင်နှုန်းခန့်သည် ဒေသတွင်း တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုအပေါ် စိုးရိမ်ပူပန်မိကြောင်း ပြောဆိုခဲ့သည်ဟု ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခြင်းမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံနှင့် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများကို အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံတည်းဖြေရှင်းသွားရန် ရည်မှန်းထားရှိသည်။ တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းသွားရန် ဆန္ဒရှိသော်လည်း အာဆီယံသွေးစည်းမှုသည် တရုတ်နိုင်ငံကို တစ်ဖွဲ့လုံးနှင့်ထိတွေ့ဆက်ဆံသွားရန် ဖိအားပေးလျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် ယုံကြည်မှုတည်ဆောက်ခြင်းအားဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများကို နှစ်နိုင်ငံတည်း ဖြေရှင်းဆောင်ရွက်စဉ်မှာပင် နယ်မြေအငြင်းပွားမှုမရှိသော နိုင်ငံများ၏ သက်ရောက်မှုကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်သည်။

**ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြန်လည်ပြုလုပ်ခြင်း**

တရုတ်နှင့်အင်ဒိုနီးရှားတို့ကြား ရပ်ဆိုင်းထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများနှင့် စပ်လျဉ်း၍ အပြီးသတ်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသော်လည်း ပင်လယ်ဓားပြနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကဲ့သို့သော သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာပြဿနာများအပေါ် အလေးထားဆောင်ရွက်သွားဖွယ်ရာရှိသည်ဟု လေ့လာသုံးသပ်သူများက ကောက်ချက်ချပြောဆိုလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံအတွက်မူ တရုတ်နိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ခြင်းသည် အင်အားကြီးနိုင်ငံများ ပြိုင်ဆိုင်မှုကြားတွင် ၎င်း၏ တက်ကြွပြီးလွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ပြန်လည်အားသစ်လောင်းစေနိုင်မည်ဖြစ်သည်။ ထိုသို့ချဉ်းကပ်ဆောင်ရွက်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံကို ဟန်ချက်ထိန်းညှိသောရပ်တည်ချက်ဆက်လက်ထိန်းသိမ်းရန်နှင့် ရှုပ်ထွေးသော ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများတွင် ၎င်း၏ရပ်တည်နိုင်စွမ်းကို ပြသနိုင်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် စစ်ရေးလေ့ကျင့်မှု ပြန်လည်ပြုလုပ်ခြင်းသည် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ဒေသတွင်းတင်းမာမှုများ ဖြေရှင်းတို့အတွက် မဟာဗျူဟာမြောက်အရွှေ့ပင်ဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံဆက်ဆံရေးတောင့်တင်းခိုင်မာမှုနှင့် ဒေသတွင်းမတူကွဲပြားမှုများ လျှော့ချခြင်းတို့အတွက် တရုတ်နိုင်ငံ၏ ကျယ်ပြန့်သောမဟာဗျူဟာကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

တရုတ်နိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြန်လည်လုပ်ဆောင်ရန် အင်ဒိုနီးရှား၏ ဆုံးဖြတ်ချက်သည် အာဆီယံအတွက်မူ ပိုမိုပူးပေါင်းဆောင်ရွက်မှုရှိသော ဒေသတွင်းလုံခြုံရေးအခင်းအကျင်းအတွက် အထောက်အကူပြုသွားမည်ဖြစ်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းသည် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပြီး ဒေသတွင်းလုံခြုံရေးဆိုင်ရာဝန်းကျင်တွင် တင်းမာမှုလျှော့ချရေးအတွက် အခြေခံအုတ်မြစ်ကိုလည်း ချမှတ်သွားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

**- What's Behind the Resumption of China-Indonesia Military Exercises? by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# A video speech delivered by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing to the people in commemoration of the population and household census enumeration for 2024 1 September 2024



Senior General Min Aung Hlaing gives a video speech.

I extend greetings to all esteemed Myanmar people and all national brethren with best wishes for enjoying all auspiciousnesses and physical and mental well-being.

The population and household census which has been enumerated in our country once every ten years will be collected in the entire nation from 1 to 15 October simul taneously. If we count it starting today, thirty days remain until the census-taken process.

The census concerning population, economic and social measures is to be taken for everybody once in the entire nation or a set plot.

Enumerating the census is very wide with a large workload, spending a large sum of money. The majority of global countries conduct the census-taken process once every ten years. Census measure is concerned with everybody and it is a must to bedone. Hence, even developed countries which have full data of identity registration statistics regularly enumerate the census.

In 2024, Myanmar will conduct its census again, ten years after the previous one in 2014. Moreover, as the State actually needs correct and accurate population data to manage present and future development projects of the nation, we decided to collect the census.

Our government is arranging enumeration process of the population and household census in the entire nation in accord with the international standards. As different steps of preparatory processes have been conducted since previous years, now is ready to collect population data on the ground.

Data from the census mentions not only total population but age and gender of the people residing in the nation as well as socioeconomic measures and household data. So, it can be said that the census-taken process is of great importance for all. Such a process can show accurate population conditions and their lifestyles, and applying these data, we can implement the national interests of the State.

Our country is a Union blessed with natural beauties such as forests, mountains and waters as well as natural resources in harmony with diverse culture and customs of national races, and their languages. Our citizens have to for the Union spirit forever and to comprehensively know our country. Likewise, it is necessary to coordinate diversities to bring advantages to the State.

**Esteemed Myanmar people**

In studying development of a country, everybody needs to analyze population and socioeconomic statistics released by the relevant country. As such, it is important to compile correct and accurate statistics of the whole nation. These statistics reflecting development of a country is dubbed the mirror of the county.

Census data used in adopting the policies for ensuring proportional development of social, economic and management sectors of a country and implementing the plans can be obtained from the census.

Data from the census are essential for drawing the effective development projects at different levels of administration and management arenas and making decisions based on evidences. Moreover, allotment of natural resoures of the State, allocation of the finance and reassessment of the territorial areas are based on the population.

As data from the census will be analyzed and utilized in construciton of infrastructures such as schools, hospitals, health units, roads and bridges as well as doing research, such a census is much essential and important for the State.

In addition, the census can be used in compilation of correct and accurate voter lists which is basic needs for successfully holding a free and fair multiparty democratic general election which is the ultimate mission of the State Administration Council.

Furthermore, census data can contribute to analyzing external and internal development programmes to implement the Sustainable Development Goals–SDGs of the United Nations as well as the Myanmar Sustainable Development Plan–MSDP.

It can be said that data from the census are figures on development of the State to be handed down not only to the tenure of our government but to forthcoming successive governments. To be able to correctly compile these valuable data, the census will gather information from all residents of the nation regarding population and household statistics.

In this regard, I would like to say that everyone must respond thoroughly to the questions, as this contributes to a data collection process that benefits themselves, their families, future generations, and the State. Hence, I would like to urge all to cooperate in the national census-taken process with thorough replies in order to initiate future of the State, anticipation of the people and their requirements.

**Esteemed ethnic national races,**

Although no measures can address every person across the world, the census process currently focuses on factors such as race, religion, age, and gender. The result of census is crucial for the State and benefiting individuals. So, everybody needs to accept gathering of census for fully enjoy the valuable right. They all need to participate in such a process. They have to thoroughly reply to all questions for all households as well as organizations raised by enumerators through door-to-door system without worries for the sake of new generations. I would like to note that the Population and Household Census Law, issued in 2023 for the census process protects the biometric data of individuals.

The census provides insight into the country's current situation, including population data by region, age, and urban or rural locations. It also classifies education levels, types of workplaces, and people's lifestyles. And then, the census can provide basic resources to be used in adopting necessary plans in relevant regions and indicate necessary workforces. If so, capacity-building courses and proficiency courses can be conducted for turning out skilled workers. Likewise, preparations can be made for implementation of social security, aged care and aid for the persons with disabilities.

The census is useful for private economists and businesspersons to have the chances to seek the market, estimate number of consumers, manufacture products, give education and healthcare services whereas it can be applied in environmental conservation and rescue and relief measures for natural disaster-affected victims.

**Esteemed people and brethren,**

The national census-taken process will be implemented as a national duty soon for having figures, data and topics to be applied without fail in development measures of the State and other processes

In conclusion, I would like to note that the population and household census to be enumerated from 1 to 15 October 2024 is a self-reliant national process based on internal human resources. Just a single person or an organization cannot implement such a process, and all citizens and national brethren across the nation have to successfully gather the census through the united strength as part of showing off capability of the State to the world. On other ward, it is a great chance to post a milestone through the collaborative efforts of the entire ethnic national people. That is why I would like to urge entire ethnic people to actively participate in the census-taken process as a national process of the State in accord with the motto: **"Let's enumeate census with public participation"**.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla pay obeisance to Swe Taw Myat Pagoda (Yangon)



Senior General Min Aung Hlaing pays homage to the Buddha Tooth Relic.



**Nay Pyi Taw September 1**

Chairman of the State Administration Council Prime Minister and wife Daw Kyu Kyu Hla, accompanied by their entourage and officials, paid obeisance to the Swe Taw Myat Pagoda (Yangon) built on Dhamma Pala hill in Mayangone Township in Yangon Region this morning.

First, the Senior General, wife and party were welcomed by the pagoda board of trustees and the Senior General party paid obeisance and offered flowers, water and lights to the pagoda.

Then, the Senior General and wife presented cash donations of the Tatmadaw (Army, Navy, Air) to the members of the pagoda board of trustees, who returned Dhamma Gifts to the Senior General and wife.

Then, the Senior General and party paid obeisance to the sacred tooth relic and the Senior General signed the guests' record.



Senior General Min Aung Hlaing goes round on the pagoda platform.

Afterward, the Senior General and party walked round the pagoda counter clockwise, inspected the all-round renovation of the pagoda and gave instructions on cleanliness and renovation of the pagoda.



Senior General Min Aung Hlaing and wife accept a Dhamma gift.

Then the Senior General tolled tolled bell at the pagoda.

Afterward, the Senior General and wife and party paid obeisance to Rector of the International Theravada Buddha Sasana Missionary University Agga Maha Pandita Agga Maha Suddhaa Jotika Dhaja Maha Dhamma Kathina Dr Bhaddanta Cekanda and supplicated matters related to flourishing of the Buddha Sasana and listened to summon of the Sayadaw.

Afterward,the Senior General and wife donated offerings and cash donations to the Sayadaw.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets region/state chief ministers, members of Yangon Region cabinet, region level departmental officials and discusses regional development



Senior General Min Aung Hlaing meets Region and State Chief Ministers and officials from Yangon Region government.

**Nay Pyi Taw September 1**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met region/state chief ministers, members of Yangon Region cabinet, region level departmental officials at Mingala Hall of Yangon Region government office this morning and discussed regional development.

Also present were Joint SAC Secretary General Ye Win Oo, SAC members General Maung Maung Aye and General Nyo Saw, Union Minister for Construction U Myo Thant, Yangon Region Chief Minister U Soe Thein, Kayin State Chief Minister U Saw Myint Oo, Taninthayi Region Chief Minister U Myat Ko, Bago Region Chief Minister U Myo Swe Win, Mon State Chief Minister U Aung Kyi Thein, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from Office of Commander-in-Chief, the Yangon Command commander, deputy ministers.

Regional facts and development activities presented Region/state chief ministers reported on region/state-wise points, ongoing farming activities, production capacity, MSME development, industrial zone-wise production development, undertakings for health, education and tourism development, successful launching of population and housing census, and area-wise peace and development programs.



The Tanintharyi Region Chief Minister presents report on rubber production.



**Clarifications by officials**

As regards the clarifications, Union Minister U Myo Thant and deputy ministers for agriculture, livestock and irrigation explained plans to repair roads and bridges damaged during the monsoon season, availability of quality seeds for agriculture, necessary land preparations and systematic methods to use pesticides, effective use of water, dissemination of agricultural knowledge, provision of paddy seeds for inundated fields, efforts to develop livestock farms, extension of layer, broiler and milk cow breeding, availability of human resources for farming.

**Additional clarifications**

In giving additional clarifications, the Senior General said road areas and territories have already been designated in accord with the roads law. Renewal of grants for the land areas that are within the road areas must be limited. Systematic drainage systems must be installed by digging drains on both sides of roads, so that they will have required features. Good drainage system will prevent floods.

Virgin and fallow land reclamation projects must be implemented within the set time. All the occupied agricultural land must be examined in accord with the law. Permission to use farmland for other purposes needs government approval although green light can be given at region/state level. Use of agricultural land for other purposes may lead to reducing the farmland areas and eventually harm agro-production. Region/state-wise checks must be conducted on agricultural land. Agricultural land must be systematically used. Re-verification of laws in connection with virgin and fallow land is in progress.

Regarding libraries, according to the 2019 interim census in our country, the average literacy rate is around 92%. However, most people have only attained primary education, and many are past the age of schooling. Therefore, it is essential to create opportunities for them to gain knowledge and skills within their communities. For this reason, libraries are being established at the township, village, and neighbourhood levels. Schools are also encouraged to foster good reading habits among students. Knowledge and skills will only develop through reading, writing, and discussion. To elevate the education level in our country, we are actively making efforts, and we hope that similar efforts will be made across all states and regions to increase the number of educated people.

**Every citizen has a responsibility for the country's economic prosperity**

The Senior General delivered a speech, stating that meeting with the Chief Ministers of regions and states in the lower part of Myanmar, as well as officials from the Yangon Region Government, is an opportunity to address the necessities for the country's economic development. He emphasized that every country in the world desires economic growth and development. A strong economy is the foundation for political stability and peace, enabling citizens to live and work with peace of mind and in good health. Therefore, the economy and politics are mutually dependent, and every citizen has a responsibility for the nation's economic development.

From the time of gaining independence to the present day, our country has experienced various political systems. Along with these changes in political systems, there have also been changes in economic systems. While there have been some advancements in the economy, there have also been many instances where the expected level of success was not achieved. It is evident that economic weaknesses have led to political issues, such as economic decline and limited job opportunities. We must learn from the economic strengths and weaknesses that have emerged over the years and continue to work towards the economic development of our nation.

**Ensuring food security and providing adequate living conditions for every individual**

Since our country primarily engages in an economy based on agriculture,

*See Page 14*




The Ayeyawady Region Chief Minister presents report on livestock farming activities.



*From Page 13*

it is essential to develop industries that are fundamentally linked to agricultural activities. Similarly, efforts must also be made to promote other production industries. Every individual requires food, clothing, and shelter, and for everyone to live comfortably, a stable economy is necessary. As our country is a food-producing nation, there should be no difficulties regarding food security. Additionally, our national goals include ensuring food security, which means that all regions and states must work to maintain adequate local rice supply and food security.

Regarding clothing, it is necessary for everyone to use garments. As our country is a cotton-growing nation, we need to ensure sufficient domestic cultivation and production of cotton. We are currently working to support the development of cotton cultivation. It is also necessary to strive to produce high-quality textiles, progressing from cotton to yarn, fabric, and various textiles. In the main cotton-growing regions, efforts should be made to enhance cotton production, and the industries based on cotton should be supported as well.

Food is the most important thing in livelihood. At the present time, we see that the commodities prices are more than the prices they should be. We need to increase the production of products to earn foreign currency and be able to export them abroad. At the present time, there is a need for foreign currencies due to the increase in communication with foreign countries in various ways. Regarding the use of foreign currency, we are establishing and maintaining policies. We are also repaying the foreign loans borrowed from abroad by the previous governments. In order to obtain foreign income, we need to be able to develop and produce products that are sold abroad. Exporting these products to foreign countries will increase foreign exchange. By improving the manufacturing process, business operators will also improve their economy.

For the development of the country's economy, as civil servants, they must participate as long as they are capable of playing their roles. Regarding state employees, we are providing increased allowances. Officials need to take action to ensure that the state receives the rightful taxes.

**Education and health**

In response to the current global trends in education and IT, it is essential for everyone to attain at least a secondary level education. To make the most of a country's resources, we need a well-educated workforce. As such, we are implementing a compulsory education system up to KG + 9. Measures are being taken to hire sufficient teachers and upgrade schools to meet high standards. Basic education schools will be established according to regional and state needs to align with the required school standards. Additionally, teacher training programs must equip educators to teach effectively. When schools that were temporarily closed reopen, extra time will be dedicated to ensuring students achieve true literacy.

**It is essential for each sector to fulfill its responsibilities and contribute to the nation's progress**

We will make the next election to be a free and fair election, and we will conduct a census of population and household contents starting from October 1 to provide assistance for the election. The census is a very beneficial activity for the country, and based on the information obtained, it will be possible to manage a lot for the benefit of the country. Therefore, the officials from the regions and states need to work together to ensure the success of the population and household census. Regarding politics, civil servants must be free from party politics and must only carry out national affairs for the betterment of the country. As civil servants, they must fulfill their duties and work for the benefit of the region according to their assigned areas. He wants to order them to bring about the benefit of the country as long as they are able, said the Prime Minister.

After that, it was reported that the Chairman of the State Administration Council, the Prime Minister warmly greeted the attendees. 100

# Dabayin Township cultivates over 36,000 acres of rain-fed rice this planting season

**Dabayin September 1**

A total of 36,981 acres of rain-fed rice have been planted in Dabayin Township, YeU District, Sagaing Region, according to statistics from the Department of Agriculture for YeU District.

During the 2024-2025 rain crops planting season, 120,391 acres of rain-fed rice are planned to be planted in Dabayin Township, and 36,981 acres have been planted since June this year.

"We are providing the necessary technology and types to reach the designated rain-fed rice. We are conducting fieldwork so that the farmers can plant rain-fed rice on time," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, education on pest control awareness, preventing damage to crops, and the timely arrival of the harvested rice under the shelter. 206

# Smoke reported from aircraft at Japan's Naha airport

**Tokyo September 1**

Smoke was reported emitting from an aircraft on Sunday evening at Naha International Airport in Japan's island prefecture of Okinawa, local media reported.

At around 6:50 p.m. local time, smoke was seen coming from the auxiliary engine of All Nippon Airways Flight 474, which was preparing for departure to Haneda airport in Tokyo, national broadcaster NHK reported citing Naha airport officials.

The smoke, emitting from the aircraft's auxiliary power unit, was spotted by air traffic control, prompting an immediate request for firefighting vehicles to be dispatched to the scene. Passenger evacuation was not initiated.

No injuries have been reported, and the airliner is currently inspecting the aircraft to determine the cause of the incident. Xinhua

# Palestinian death toll in Gaza rises to 40,738: health authorities

**Gaza September 1**

The Palestinian death toll from ongoing Israeli attacks on the Gaza Strip has risen to 40,738, the Gaza-based health authorities said in a statement on Sunday.

During the past 24 hours, the Israeli military killed 47 people and wounded 94 others, bringing the total death toll to 40,738 and injuries to 94,154 since the Palestinian-Israeli conflict broke out on Oct. 7, 2023, it added.

Also on Sunday, the first phase of polio vaccination began in the middle areas of Gaza, Philippe Lazzarini, commissioner-general of the UN Relief and Works Agency for Palestine Refugees in the Near East, said on social media platform X.

"For this to work, parties to the conflict must respect the temporary area pauses. For the sake of children across the region, a lasting ceasefire is overdue," Lazzarini added.

Israel and Hamas had agreed to halt hostilities in Gaza for a polio vaccination campaign led by the World Health Organization (WHO), Rik Peeperkorn, head of the WHO office for the West Bank and Gaza, said on Thursday.

Xinhua

# ဘိုကလေးမြို့နယ်တွင် ငါးကွမ်းရှပ်ငါးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေ



**ဘိုကလေး စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ငါးကွမ်းရှပ်ငါးခြောက်များ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ထွေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ငါးကွမ်းရှပ်ငါးခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို စနစ်တကျ ထုတ်လုပ်ပြီး ရောင်းချလျက်ရှိပြီး ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ ငါးကွမ်းရှပ်ငါးခြောက်များ ဝယ်ယူမှုများပြားလျက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ငါးခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၂၀၀ မှ ၃၅၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ငါးကွမ်းရှပ်ငါးခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဩဂုတ်လ ဒုတိယပတ်လောက်က စတင်အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ အခု ငါးကွမ်းရှပ်ငါးခြောက်ကို ပြည်ပကဝယ်ယူမှုတွေလဲ ရှိပါတယ်။ ဒေသထွက် ငါးကွမ်းရှပ် ငါးခြောက်တွေအပါအဝင် ငါးခြောက်အစုံကို ရန်ကုန်ဘက်က ဝယ်ယူမှုများပြားနေပါတယ်။ ပိုမိုရောင်းအားရှိနေတာကတော့ ငါးကွမ်းရှပ် ငါးခြောက်ဖြစ်ပါတယ်''ဟု ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကိုပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ငါးခြောက်များအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးကွမ်းရှပ်ငါးခြောက် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ထွေးက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၈၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၈၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၈၀၄ ဧကနှင့် ဖူးစားပြောင်း ဧက ၂၅၀ စုစုပေါင်း ၂၀၅၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၅၇၈ ဧကနှင့်ဖူးစားပြောင်း ဧက ၂၅၀ စုစုပေါင်း ၁၈၂၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၂၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။



ယခုနှစ် မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မိတ္ထီလာမြို့နယ် တောင်းကောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်းကောက်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ တောင်းကောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

တောင်းကောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်း ပံ့ပိုးရန်ပုံငွေကျပ် ၂၀၇ သိန်း ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၀၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၂၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြစဉ်။

**☆ ကျောဖုံးမှအဆက်**

ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ နှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်း အောင်မြင်စေရေးဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တကျသုံးစွဲရန် လိုအပ်မှု၊ စိုက်ပျိုးရေများကို အကျိုးရှိစွာအသုံးချနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ တောင်သူလယ်သမားများ စိုက်ပျိုးရေးအသိပညာများ သိရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် စပါးစိုက်ခင်းများအတွက် မျိုးစပါးများပံ့ပိုးပေးနိုင်မှု၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ဥစားကြက်၊ အသားစားကြက်နှင့် နို့စားနွားများ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် စေရေးဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်း၍ ရေထုတ်စနစ်များ ဆောင်ရွက်ရန်လိုကြောင်း၊ ရေထုတ်စနစ်များကောင်းမွန်မှသာ ရေကြီးရေလျှံခြင်းများကို လျော့ပါးစေမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအပေါ်၌ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းများကို အောင်မြင်အောင် လိုကြောင်း၊ မြေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မြေလွတ်မြေရိုင်းများနှင့် လယ်ယာမြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ဥပဒေများကို ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်များနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှု စာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်ရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် အများစုအနေ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ အသေးစား၊ အငယ်စားလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများက မိုးရာသီကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ပြန်လည် ပြင်ဆင်ပေးသွားမည်ဖြစ်သည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှုနှင့် ပိုးသတ်ဆေးများကို စနစ်တကျ... စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းမကြီးများနှင့်ပတ်သက်၍ လမ်းမကြီးများဥပဒေနှင့်အညီ လမ်းဇရိယာ၊ လမ်းနယ်များ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ လမ်းမကြီးများဥပဒေနှင့် သတ်မှတ်ထားသည့် လမ်းနယ်များနှင့် မလွတ်ကင်းသည့်နေရာများမှ မြေများအား ဂရန်သက်တမ်းတိုးခြင်းများကို ကန့်သတ်ရန်လိုကြောင်း၊ ဒေသအလိုက် လမ်းများကို လမ်းအင်္ဂါရပ်များနှင့်ညီညွတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းမပြုဘဲ မြေယာများ ရယူထားမှုများကို ဥပဒေနှင့်အညီ စိစစ်ဆောင် ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲရန်အတွက် တိုင်းဒေသကြီးအဆင့်ဖြင့် ဆောင်ရွက်၍ရသော်လည်း လယ်မြေများကို အခြားနည်းဖြင့် ပြောင်းလဲသုံးစွဲမှုများကို နိုင်ငံတော်အစိုးရထံ ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ လယ်မြေများကို အခြားနည်းများဖြင့် သုံးစွဲခြင်းများကြောင့် စိုက်ပျိုးမြေများ လျော့နည်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြေယာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် ဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်၍ ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများရရှိအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဖတ်ခြင်း၊ မှတ်ခြင်း၊ ဆွေးနွေးခြင်းများရှိမှသာ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြစဉ်။

ရှိကြောင်း၊ ပညာတတ်များ ပေါကြွယ်ဝရေး ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်လည်း ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

## နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ နိုင်ငံအောက်ပိုင်းဒေသရှိ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံရခြင်းသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားနိုင်ရန်ဖြစ် ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုလား ကြကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံရေးတည်ငြိမ်အေးချမ်းပြီး ပြည်သူ များအနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာ စွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင် မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန်အမှီသဟဲပြု နေခြင်းဖြစ်ပြီး နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံသားများ အားလုံးတွင် တာဝန်ရှိ**ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေး ရရှိပြီးချိန်မှ ယနေ့အထိ နိုင်ငံရေးစနစ် အမျိုးမျိုးကို ကျင့်သုံးခဲ့ကြောင်း၊ နိုင်ငံရေး စနစ်များ ပြောင်းလဲကျင့်သုံးမှုနှင့်အတူ စီးပွားရေးစနစ်များလည်းပြောင်းလဲကျင့်သုံး မှုများရှိခဲ့ကြောင်း၊ စီးပွားရေးတွင် တိုးတက် မှုများရှိသကဲ့သို့ ထိုက်သင့်သလောက် အောင်မြင်မှု မရှိခဲ့သည်များလည်း ရှိ ကြောင်း၊ စီးပွားရေးအားနည်းချက်များ ဖြစ်ပေါ်မှုများကြောင့် နိုင်ငံရေးပြဿနာ များ ဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့မြင်ရ မည်ဖြစ်ပြီး စီးပွားရေးကျဆင်းမှု၊ အလုပ် အကိုင်အခွင့်အလမ်း နည်းပါးခြင်းများ ကြောင့်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏စီးပွားရေး ဆိုင်ရာ အားသာချက်များ၊ အားနည်းချက် များကို သင်ခန်းစာယူဖော်ထုတ်၍ မိမိတို့ အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## စားရေရိက္ခာဖူလုံရေးနှင့် လူတစ်ဦးချင်းစီအလိုက် စားရေး၊ နေရေး၊ ဝတ်ရေးတို့ အဆင်ပြေစေရေး ဆောင်ရွက်ပေးနိုင်ရန်လို

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အခြားကုန်ထုတ်လုပ်မှုလုပ်ငန်း များကိုလည်း တိုးတက်အောင်ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ တွင် စားရေး၊ ဝတ်ရေး၊ နေရေးဟူ၍ရှိပြီး အားလုံး အဆင်ပြေနေစေရေးအတွက် စီးပွားရေး ကောင်းမွန်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စားနပ်ရိက္ခာထုတ်လုပ် သည့်နိုင်ငံဖြစ်သဖြင့် စားရေးနှင့်ပတ်သက် ၍ အခက်အခဲမရှိကြောင်း၊ မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်တွင်လည်း စားရေရိက္ခာဖူလုံရေး ပါဝင်ကြောင်း၊ ထို့ကြောင့် **တိုင်းဒေသကြီးနှင့် ပြည်နယ် များအားလုံးတွင် ဒေသဝမ်းစာဆန်ဖူလုံမှု ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စားရေရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက် ကြရန်လို**ကြောင်း။

ဝတ်ရေးနှင့်ပတ်သက်၍ လူတိုင်းသည် အဝတ်အထည်များကို မဖြစ်မနေအသုံးပြု ရကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုး သည့် နိုင်ငံဖြစ်သဖြင့် ပြည်တွင်း၌ ဝါများ လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း မိမိတို့ အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိ ကြောင်း၊ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင် ရွက်ကြရန်လိုကြောင်း၊ ဝါမှ ဝါဂွမ်း၊ ချည်၊ ပိတ်နှင့် ချည်ထည်များ အဆင့်ဆင့် ထုတ်လုပ်ရကြောင်း၊ ဝါကို အဓိကစိုက်ပျိုး သည့်ဒေသများ၌ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ကိုလည်း အားပေးဆောင်ရွက်ကြရန် လိုကြောင်း။

စားဝတ်နေရေးတွင် စားရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ လက်ရှိအချိန် တွင် ကုန်ဈေးနှုန်းများသည် ထိုက်သင့် သည့်ဈေးနှုန်းထက် များပြားနေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေ များရရှိစေရေး ထုတ်ကုန်များ တိုးမြှင့် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် လိုကြောင်း၊ လက်ရှိအချိန်တွင် ပြည်ပနှင့် အကြောင်းအမျိုးမျိုးဖြင့် ဆက်သွယ် ဆောင်ရွက်မှု များပြားလာခြင်းကြောင့် နိုင်ငံခြားငွေများ လိုအပ်ချက်ရှိလာ ကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုများနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် မူဝါဒများ ချမှတ်၍ ထိန်းသိမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယခင်အစိုးရများအဆက်ဆက် က ပြည်ပမှချေးယူခဲ့သည့် ပြည်ပချေးငွေ များကိုလည်း မိမိတို့အနေဖြင့် ပြန်လည် ပေးဆပ်လျက်ရှိကြောင်း၊ နိုင်ငံခြားဝင်ငွေ များရရှိရေးအတွက် ပြည်ပရောင်းတန်းဝင် သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ် နိုင်ရန်လိုကြောင်း၊ အဆိုပါ ထုတ်ကုန်များ ကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေ များ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ ကုန်ထုတ်လုပ်မှုများ တိုးတက် အောင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့်လည်း စီးပွား ရေးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ တတ်စွမ်း သရွေ့ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့ အနေဖြင့် ထောက်ပံ့ကြေးများ တိုးမြှင့် ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်အခများ မှန်မှန် ကန်ကန်ရရှိစေရေး တာဝန်ရှိသူများအနေ ဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

## ပညာရေး၊ ကျန်းမာရေး

ပညာရေးနှင့်ပတ်သက်၍ ယနေ့ကမ္ဘာ ပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရ ပညာခေတ်၊ IT ခေတ်တွင် လူတိုင်းအလယ်တန်းအဆင့်အထိ ပညာ တတ်မြောက်ရန်လိုအပ်ကြောင်း၊ မိမိတို့ နိုင်ငံတွင်ရှိပြီးဖြစ်သည့် သယံဇာတများကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချနိုင်ရန် ပညာတတ်သည့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်မြင့်မားစေရေး KG + 9 အထိ မသင်မနေရစနစ်ကို ဖော်ဆောင်ပေး လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများ အလုံအလောက် ခန့်အပ်နိုင်ရေးအတွက် စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ စာသင်ကျောင်းများအနေဖြင့် လည်း အဆင့်မီသည့်ကျောင်းများဖြစ်ရန် လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာ ကျောင်းများကို သတ်မှတ်ထားသည့် ကျောင်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေး ကောလိပ်များတွင် ဆရာ၊ ဆရာမများ သင်တန်းအပြည့်အဝ တက်ရောက်နိုင်ရေး နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေး နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ် ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ် ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူ များ အမှန်တကယ်စာတတ်မြောက်စေရေး အတွက် အချိန်ပိုများဖြင့် သင်ကြားပေးရန် လိုကြောင်း။

## မိမိတို့ကျရာကဏ္ဍအလိုက် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်၍ နိုင်ငံ့အကျိုးကို ဖော်ဆောင်ကြရန်လို

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲ ကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွား မည်ဖြစ်ပြီး အထောက်အကူရစေရန် လာမည့် အောက်တိုဘာ ၁ ရက်မှစတင်၍ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်းကို ကောက်ယူသွားမည်ဖြစ် ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှု သည် နိုင်ငံအတွက် များစွာအကျိုးရှိသည့် လုပ်ငန်းရပ်ဖြစ်ပြီး ရရှိလာသည့် အချက် အလက်များအပေါ်မူတည်၍ နိုင်ငံ့အကျိုး အတွက် များစွာစီမံဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူ များအနေဖြင့် လူဦးရေနှင့်အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအောင်မြင်စေရေး ဝိုင်းဝန်းဆောင် ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံ ကောင်းမွန်စေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရမည်သာဖြစ်ကြောင်း၊ နိုင်ငံ့ ဝန်ထမ်းများအနေဖြင့် တာဝန်များ ကျေပွန်စွာထမ်းဆောင်၍ မိမိတို့တာဝန် ကျရာနေရာများအလိုက် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို တတ်စွမ်းသရွေ့ဖော် ဆောင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

**စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန်အမှီသဟဲပြုနေခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိ. . . တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဒေသဝမ်းစာ ဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စားရေရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လို. . .**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များကို ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများနှင့် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က စွယ်တော်မြတ်စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများနှင့် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုကာ စေတီတော်မြတ်ကြီး အမြဲသန့်ရှင်းသာယာပြီး ကြည်ညိုဖွယ်ဖြစ်နေစေရေးအတွက် ဆောင်ရွက်ရန်၊ စေတီတော်ကြီး ရင်ပြင်တော်သန့်ရှင်းရေးအပါအဝင် ဘက်စုံပြုပြင်မွမ်းမံရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအား သွားရောက်ဖူးမြော်ကြည်ညို၍ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြလျှောက်ထားကာ ဆရာတော်ကြီး၏ မိန့်ကြားမှုများကို နာယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ရှေ့ဖုံးမှအဆက်

သန်းခေါင်စာရင်းဆိုတာကတော့ လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို တစ်နိုင်ငံလုံး ဒါမှမဟုတ် သတ်မှတ်နယ်မြေဒေသတစ်ခုမှာ လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်းကောက်ယူတဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျလည်းတော်တော်များပါတယ်၊ ကမ္ဘာ့နိုင်ငံ အများစုမှာ ဆယ်နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းလုပ်ငန်းဟာ လူတစ်ဦးချင်းစီနဲ့သက်ဆိုင်ပြီး မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်တာကြောင့် မှတ်ပုံတင်စာရင်းအင်းအချက်အလက်တွေပြည့်စုံတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူနေကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်မှာ သန်းခေါင်စာရင်းကို နောက်တစ်ကြိမ်ကောက်ယူဖို့ အချိန်ကျရောက်လာပြီဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံတော်ရဲ့ လက်ရှိနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု စီမံဆောင်ရွက်နိုင်ရေးအတွက် တိကျမှန်ကန်တဲ့ လူဦးရေဆိုင်ရာကိန်းဂဏန်းတွေ အမှန်တကယ်ရရှိဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကြောင့် သန်းခေါင်စာရင်းကောက်ယူဖို့ ဆုံးဖြတ်ခဲ့ရတာလည်းဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံ တစ်ဝန်းမှာဆောင်ရွက်တော့မယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ ကောက်ယူနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ ကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းအဆင့်ဆင့်ကိုလည်း လွန်ခဲ့တဲ့နှစ်တွေကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လာတာ လက်ရှိအခြေအနေမှာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိလာတဲ့ အချက်အလက်တွေဟာ လူဦးရေစုစုပေါင်းကိုသာ ဖော်ပြတာမဟုတ်ဘဲ နိုင်ငံအတွင်းမှာရှိနေတဲ့သူတွေရဲ့ အသက်အပိုင်းအခြားအလိုက်၊ ကျား၊မအလိုက် လူဦးရေတွေကို ရရှိနိုင်သလို လူမှုစီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေ၊ အိမ်အကြောင်းအရာတွေကိုလည်း ရရှိနိုင်မှာဖြစ်လို့ အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်လို့ ဆိုနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်တိုနိုင်ငံရဲ့ လူဦးရေအခြေအနေတွေ၊ နေထိုင်မှုပုံစံတွေကို တိတိကျကျသိရှိနိုင်မှာဖြစ်လို့ ဒီအချက်အလက်တွေကို အသုံးပြုပြီးတော့မှ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက် အကောင်အထည်ဖော်နိုင်မှာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံများနဲ့မတူဘဲ တစ်မူထူးခြားတဲ့ ရေမြေတောတောင် သဘာဝအလှအပတွေ၊ သဘာဝသယံဇာတတွေနဲ့ ကြွယ်ဝပြည့်စုံနေသလို မတူကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ ဘာသာစကားတွေနဲ့ ညီညွတ်စွာပေါင်းစပ်စုစည်းထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသူ၊နိုင်ငံသားတွေအနေနဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာနေစေဖို့၊ ကျွန်တော်တို့နိုင်ငံအကြောင်းကို ပိုမိုသိရှိဖို့လိုအပ်သလိုမတူကွဲပြားမှုတွေကိုလည်း ညှိနှိုင်းပေါင်းစပ်ပြီး နိုင်ငံ့အတွက်ကောင်းကျိုးရအောင် စီမံဆောင်ရွက်သွားကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော မြန်မာနိုင်ငံသူ၊နိုင်ငံသားများခင်ဗျာ**

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာမယ်ဆိုရင် အဲဒီနိုင်ငံကထုတ်ပြန်တဲ့ လူဦးရေနဲ့ လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်တွေကို ဆန်းစစ်လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ ဒါ့ကြောင့်လည်း တစ်နိုင်ငံလုံးရဲ့ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေ တိတိကျကျ မှန်မှန်ကန်ကန်ရရှိနိုင်ရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ စာရင်းအင်းအချက်အလက်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုထင်ဟပ်ဖော်ပြနေတာဖြစ်လို့ နိုင်ငံရဲ့ကြေးမုံပြင်လို့လည်း တင်စားလေ့ရှိပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်တွေကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒချမှတ်တာတွေ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်တာတွေ စတဲ့လုပ်ငန်းတွေဆောင်ရွက်ရာမှာ အခြေခံအဖြစ်အသုံးပြုရတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မှာလည်း ဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိလာတဲ့ အချက်အလက်တွေဟာ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှု နယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်တဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတွေ ရေးဆွဲနိုင်ဖို့နဲ့ အထောက်အထားအခြေပြုဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံမှာ သယံဇာတရင်းမြစ်တွေ ခွဲဝေသတ်မှတ်တာတွေ၊ ဘဏ္ဍာငွေခွဲဝေချမှတ်တာတွေ၊ နယ်မြေဇရိယာနယ်နိမိတ်တွေကို ပြန်လည်ဆန်းစစ်တာတွေကလည်း လူဦးရေပေါ်မှာပဲ အခြေခံရတာဖြစ်ပါတယ်။

စာသင်ကျောင်း၊ ဆေးရုံနဲ့ ကျန်းမာရေးဌာနတွေ၊ လမ်း၊ တံတားတွေ စတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးခြင်းနဲ့ သုတေသနလုပ်ငန်းတွေမှာလည်း သန်းခေါင်စာရင်းက ရရှိလာတဲ့အချက်အလက်တွေကို လေ့လာဆန်းစစ်အသုံးပြုနိုင်မှာဖြစ်လို့ နိုင်ငံတော်အတွက် များစွာ အသုံးဝင်ကြောင်းနဲ့ အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ဒါ့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ မဲစာရင်းတိကျမှန်ကန်စေရေး လုပ်ဆောင်ရာမှာလည်း အသုံးပြုနိုင်မှာလည်းဖြစ်ပါတယ်။

ဒါ့ပြင် သန်းခေါင်စာရင်းအချက်အလက်တွေဟာ ကုလသမဂ္ဂရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals–SDGs)နဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan–MSDP) စတဲ့ ပြည်တွင်း၊ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်တွေ ဆောင်ရွက်ချက်တွေကို ဆန်းစစ်လေ့လာရာမှာလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိတဲ့ ကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ အစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်ထိ လက်ဆင့်ကမ်းအမွေပေးရမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့အချက်အလက်တွေကို မှန်မှန်ကန်ကန်ဖော်ထုတ်နိုင်ဖို့ နိုင်ငံတွင်းနေထိုင်ကြသူအားလုံးကို လူဦးရေနဲ့အိမ်အကြောင်းအရာဆိုင်ရာမေးခွန်းတွေ မေးမြန်းကောက်ယူသွားမှာလည်းဖြစ်ပါတယ်။

ဒီနေရာမှာ အရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့လိုအပ်ပြီး မိမိအတွက်၊ မိမိမိသားစုအတွက်၊ မိမိသားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး ၁၀ နှစ်စာစီမံဆောင်ရွက်နိုင်တဲ့ အခြေခံအချက်အလက်များရရှိစေနိုင်မယ့် အကျိုးရှိတဲ့လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်းအသိပေးလိုပါတယ်။

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူများခင်ဗျာ**

ကမ္ဘာပေါ်မှာ ဘယ်လုပ်ငန်းမဆို ကန့်သတ်ချက်တစ်စုံတစ်ရာကြောင့် အားလုံးနဲ့မသက်ဆိုင်ပေမယ့် ဒီနေ့ကမ္ဘာမှာ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေး အားလုံးပါဝင်ခွင့်ရှိတဲ့ တစ်ခုတည်းသော လုပ်ငန်းစဉ်ကတော့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်လို့ ဆိုရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းရလဒ်ဟာ နိုင်ငံအတွက် အရေးပါတဲ့အချက်အလက်များဖြစ်သလို မိမိတို့တစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ဝယ်ရရှိနေတဲ့ အခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ဖို့အတွက် သန်းခေါင်စာရင်းကို လူတိုင်းအကောက်ခံကြဖို့လည်းလိုအပ်ပါတယ်၊ လူတိုင်းပါဝင်ကြဖို့လည်းလိုအပ်ပါတယ်။ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေ အကျိုးအတွက် အမှန်ကိုအမှန်အတိုင်းအမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့လိုအပ်ပါတယ်။ သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားတဲ့ ၂၀၁၃ ခုနှစ် လူဦးရေနဲ့အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကလည်း ပြည်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုအကာအကွယ်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

သန်းခေါင်စာရင်းက ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေ၊ နိုင်ငံအတွင်းနေထိုင်သူတွေရဲ့ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက် လူဦးရေကိုသာရရှိနိုင်ရုံသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို ခွဲခြားသိရှိနိုင်မှာလည်းဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် နေရာဒေသအလိုက် လိုအပ်တဲ့အစီအမံတွေချမှတ်နိုင်ဖို့ အခြေခံအရင်းအမြစ်တွေကို ဖန်တီးပံ့ပိုးပေးနိုင်မှာဖြစ်သလို လိုအပ်တဲ့ လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုလိုအပ်တဲ့ လုပ်သားတွေအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေ၊ ကျွမ်းကျင်မှုသင်တန်းတွေကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်မှာလည်းဖြစ်ပါတယ်။ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့မှုအစီအစဉ်တွေကိုလည်း ကြိုတင်ပြင်ဆင်နိုင်မှာလည်းဖြစ်ပါတယ်။

ပြင်ပစီးပွားရေး လုပ်ငန်းရှင်များအတွက်ကတော့ ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းစတာတွေအတွက် အသုံးဝင်မှာဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများ ကယ်ဆယ်ရေးစတဲ့ကဏ္ဍတွေမှာလည်း အသုံးဝင်မှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျာ**

ဒီလိုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြားသောလုပ်ငန်းစဉ်တွေမှာ မဖြစ်မနေ အခြေခံအသုံးပြုရမယ့် ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ၊ အကြောင်းအရာတွေရရှိဖို့အတွက် မကြာခင်မှာ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်တော့မှာလည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်ကနေ ၁၅ ရက်ထိ ကောက်ယူမယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာသန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကိုအခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေး လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ခံယူပြီး “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။ (၅၀၁)

**၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်ကနေ ၁၅ ရက်ထိကောက်ယူမယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကိုအခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သော အင်အားနဲ့ အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်းဖြစ်ပါတယ်။**



နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများက ဆက်ကပ်လှူဒါန်းစဉ်။



နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ တက်ရောက်လာကြသည့် ဒါယကာ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

# တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ပဲ၊ဆေးနှင့်ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဒါယကာ ပရိသတ်များက လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီ၊ဆား၊ ပဲ၊ ဆေးများကို ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် သံဃာတော်များထံ စစ်ရေးချုပ်မှ ဦးဆောင်၍ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့်ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်အား တပ်မတော် အရာရှိကြီးတစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍နှစ်စဉ် လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေ ၁၄၅ သိန်း ၅ သောင်း ၉ ထောင်ကျပ်၊ ဆန် ၆၅၇ အိတ်၊ ဆီ ၁၉၆ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၁၉၆၂ ပိဿာ၊ ဆား ၁၉၆၂ ပိဿာ၊ ဆေးမျိုးစုံ ၆၅၄ ဘူး တို့ကို လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(၅၀၁)

# မော်လမြိုင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)၌ဆုချီးမြှင့်ပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ တေဇခန်းမ၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ချုပ်မှုတာဝန်ခံက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်မှုနှင့် ယခုနှစ် အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးက ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပေးအပ်သည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းသင် ဆရာမများနှင့် ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၆ ဦးနှင့် ကျောင်းတွင်း ထူးချွန်ဆုရရှိသူ ၃၁ ဦးတို့ကို ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ထူးချွန်ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၄၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၈ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၈ ရက်သာ လိုတော့သည်**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ









နေပြည်တော် စက်တင်ဘာ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ တပ်ပြင်ရပ် ပိတောက်လမ်းအမှတ်(၃)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၃၃၅၉၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၃၀ ရက်၌ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ထုံးဘိုကတ္တားဂိတ်အနီး၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၉၇၃၉၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၆၁၃၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဩဂုတ် ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၉၀၀၀၀ ကိုလည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာ ကိုးလုံးအတွင်းမှ ပင်ရင်းနိုင်ငံကွဲလွဲနေသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၇၁၅၂၄၇ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်သွင်းကုန်၌ တရားဝင်တင်သွင်းခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၇၄၁၄ ကိုလည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၉ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၀၁၃၅၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၉၂၆၁၆၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။













ထို့အတူ ဩဂုတ် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၂၁၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၇၀၄၃၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၇ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၄၂၇၉၀၉၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Win Swe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဝင်းဆွေအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “PhyoSithu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သရက်ကုန်းကျေးရွာနေ ဖြိုးစည်သူအား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## မြန်မာဗျည်းအက္ခရာများ

(ယမန်နေ့မှအဆက်)



**ဓ / ဒ့ါအောက်ချိုက် /**

**ဓ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်ကိုးလုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဓအောက်ခြိုက်ဟုခေါ်သည်။ ဓအောက်ခြိုက်အက္ခရာ၏ အောက်ဘက်တွင် ခြိုက်နေသဖြင့် ဓအောက်ခြိုက်ဟုခေါ်ခြင်းဖြစ်သည်။ ဗထက်ခြိုက်ဟူသောဗျည်းအက္ခရာလည်းရှိသည်။ ဗထက်ခြိုက် အက္ခရာတွင်မူ ဗထက်ခြိုက်၏ အထက်ဘက်တွင်အခြိုက်မှာ ထင်ရှားသည်။ ဓအောက်ခြိုက်တွင်မူ အမည်အားဖြင့် အောက်တွင်အခြိုက်မထင်ရှားပေ။ ရှေးအခါက ဓအောက်ခြိုက်၏ အောက်ဘက်အခြိုက်မှာ သိသာလောက်အောင် ပေါ်နေသေးသည်။ ယခုအခါတွင်ကား အောက်ဘက်အခြိုက်နေရာတွင် အလုံးအဆန်ဖြစ်နေပေသည်။ ဓ ဗျည်းအက္ခရာကို ဒုတိယကျော်အောင်စံထားဆရာတော်က ဓအောက်ချိုက်ဟုရေးသည်။ ယပင့်ချိုက်နှင့်ပြသည်။ ယခုအခါ ရရစ်ခြိုက်ကို ပြဋ္ဌာန်းသည်။ ဝဏ္ဏဗောဓနသတ်အင်း၊ ကဗျာသာရတ္ထသင်္ဂဟသတ်ပုံ၊ ရတနာကြေးမုံသတ်ပုံတို့ကို အလေးဂရုပြုဟန်တူသည်။ ခေတ်သတ်ပုံကျမ်းများတွင်လည်း ရရစ်ခြိုက်ကို လက်ခံကြသဖြင့် အသုံးတွင်ရာ အရေးကို ပြဋ္ဌာန်းသည်ဟုဆိုရမည်။ မြန်မာဘာသာတွင် ဎရေမှုတ်နှင့် ဓအောက်ခြိုက် အသံထွက်တူနေသဖြင့် ဎရေမှုတ်နှင့် ဓအောက်ခြိုက်ကို အသံဖြင့်မခွဲနိုင်သောကြောင့် အမည်ဖြင့် ခွဲခြားသတ်မှတ်သည်ဟု ဆိုရမည်။ ဗျည်းတစ်လုံးက ရေမှုတ်နှင့်တူသော ဎ - ဎရေမှုတ်၊ ဗျည်းတစ်လုံးက အောက်ဘက်၌ အခြိုက်ပါသော ဓ - ဓအောက်ခြိုက်။ ဓအောက်ခြိုက်သည် တဝဂ်ဗျည်းငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် တဝဂ်၏ စတုတ္ထက္ခရာ ဟုခေါ်သည်။ သံထင်သံတင်းဗျည်းဖြစ်သည်။ သံပြင်းသံတင်းဗျည်းဟုလည်းဆိုသည်။ ဓ သည် ပါဠိဘာသာတွင် ဒန္တဇအက္ခရာဖြစ်သည်။ မြန်မာဘာသာတွင်မူ မုဒ္ဓဇအက္ခရာဖြစ်သည်။ လျှာထိပ်ဌာန်တွင်ဖြစ်သည်။ ဓ နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဓအောက်ချိုက် (ဓအောက်ခြိုက်) အက္ခရာ၌လည်း သံယုဂ်ရှိမှဲ့မထူး။ အချို့သောသူတို့သည် အောက်ချိုက်ဟူသည်နှင့်လျော်စွာ အောက်အပြင်ကို ညွတ်ဝင်စေလျက် ချိုက်၍ရေးကုန်၏။ အချို့သောသူတို့ကား မ အက္ခရာ၏ မျက်နှာဝအထက်အပြင်ကို ပိတ်စပ်သော အသွင်ဖြင့်သာရေးကုန်၏။ ထိုတွင် အောက်အပြင်ကို ဝင်ညွတ်စေသည်မှာ ဓအောက်ချိုက်ဟူသော အမည်နှင့်လည်းလျော်၏။ ရှေးသူဟောင်းတို့ အသုံးအစွဲလည်းများ၏။ မ ၏ မျက်နှာဝကို ပိတ်၏သို့ ရေးသည်မှာလည်း အမည်နှင့်မလျော်ဆိုရပါသည်သာ။ တစ်ပါးအက္ခရာအသွင်တူမရှိသောကြောင့် ထွေးယှက်ဖွယ်မရှိ။ သိသာလေသောကြောင့် နှစ်သက်သည်။ ရေးလွယ်သည်သာ အကြောင်းဖြစ်သည်” ဟုရှင်းပြထားပါသည်။

**ဓအောက်ခြိုက်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**န / နငယ် /**

**န** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် အလုံးနှစ်ဆယ်မြောက် ဗျည်းအက္ခရာဖြစ်သည်။ နငယ်ဟုခေါ်သည်။ ဏကြီးအက္ခရာနှင့်နှိုင်းဆလျှင် ပမာဏငယ်သဖြင့် နငယ်ဟုခေါ်ခြင်းဖြစ်သည်။ ရှေးကျောက်စာမင်စာများတွင် နငယ်သည်အခြားအက္ခရာ တော်တော်များများအောက် ငယ်သည်ကိုလည်း တွေ့ရသည်။ နငယ်သည် တဝဂ်ဗျည်းအက္ခရာငါးလုံးတွင် ပဉ္စမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် တဝဂ်၏ ပဉ္စမက္ခရာဟုခေါ်သည်။ နငယ်သည် တဝဂ်တွင် နောက်ဆုံးဗျည်းဖြစ်သဖြင့်လည်း ဝဂ္ဂန္တအက္ခရာဟုဆိုပြန်သည်။ သံထင်သံလျော့ဖြစ်သည်။ သံပြင်းသံလျော့ဟုလည်းဆိုသည်။ န သည် ပါဠိဘာသာတွင် ဒန္တဇအက္ခရာဖြစ်သည်။ မြန်မာဘာသာတွင်မူ နငယ်ကို ဏကြီးနှင့်အတူ အသံထွက်ရွတ်ဆိုပြီးဏကြီးအသံဖြစ်ရာ ဌာန်တွင် အသံထွက်သဖြင့် မုဒ္ဓဇအက္ခရာဟုဆိုရသည်။ ယခုခေတ် သဒ္ဒဗေဒကျမ်းများတွင် သွားရင်းဖြစ်ဗျည်းဟုဆိုသည်။ ဌာန်အမည်ကွဲသော်လည်း နေရာတူဟန်ရှိသည်။ နငယ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “နငယ်အက္ခရာ၌လည်း သံယုဂ်ရှိမှဲ့ မထူးသင့်ပြီ။ အချို့ကား ဦးခေါင်းမဲ့အခွေအလိပ်တွင် အမြီး အခြေထွက်ကာသာရေးကုန်၏။ အချို့ကား န ဒွေးဘော်တွင် အောက်ဆွဲသည်ကိုသာ အပိုဆင့်မြင့်မားလွန်းအံ့ထင်၍ ဦးခေါင်းမဲ့ရေးကုန်၏။ ည အက္ခရာ၌ ဆိုခဲ့ပြီးသောအတိုင်း မင်္ဂလာယူရဖွယ်ရှိသောကြောင့်လည်းကောင်း၊ ရှေးသူဟောင်းတို့ တပ်၍သာ၊ အသုံးအစွဲများသောကြောင့်လည်းကောင်း၊ သာရုပ္ပရှိသောကြောင့်လည်းကောင်း မသာမယာသောအခါ ရေးရပေသော်လည်း အသာအယာ အတင့်အတယ်နေရာ၌ ဦးခေါင်းရှိရေးရာမှာ သင့်နိုး၏။ ဦးခေါင်းတပ်သောအရာတွင် င အက္ခရာကဲ့သို့ နောက်သို့ မျက်နှာဝ အကွေးအငယ်ထင်စေ၍ ရေးရမည့်အတွက်ကို ပဌမံဗိန္ဒုမေဝစ ဟူသော စကားကိုလိုက်၍ ဝ အက္ခရာကဲ့သို့ အချို့ရေးကုန်၏။ထိုဗိန္ဒုကဲ့သို့ ရှေးဦးစ၍ ရေးခြင်း၌ ထိုဆိုတိုင်း ရေးသောကြောင့် အကျိုးမဲ့ရေးသော်လည်း အပြစ်ကို အထူးမထင်” ဟု ရှင်းပြထားပါသည်။

ထို့ပြင် **နကောင်း၊ နကန်း** ဟူသော စကားနှင့် ပတ်သက်၍လည်း ဆရာတော်က ရှင်းပြခဲ့ပါသေးသည်။ ဆရာတော်က “နမော စသော ပုဒ်၌ န ကား **နကန်း**၊ နတ္ထိ စသော ပုဒ်၌ န ကား **နကောင်း**ဟူ၍ ခွဲ၍ဆိုကုန်၏” ဟူ၍လည်းကောင်း၊ “န အက္ခရာ၌ အနက်မြင်သည်ကို **နကောင်း**၊ မမြင်သည်ကို **နကန်း** ဟူသောစကားသည် သဘောယုတ္တိရှိသည်ဖြစ်၏” ဟူ၍လည်းကောင်း မိန့်မှာခဲ့ပါသည်။

အထူးသတိပြုရန်မှာ နငယ်ကို တစ်ချောင်း၊ နှစ်ချောင်းငင်ရာတွင် (နု၊ နူ)လည်းကောင်း၊ တ ထ ဒ ဓ န တို့နှင့် ဆင့်ရာတွင် (န္တ၊ န္ထ၊ န္ဒ၊ န္ဓ၊ န္န )လည်းကောင်း၊ ယပင့်၊ ဝဆွဲ၊ ဟထိုးတို့နှင့် ယှဉ်ဖက်ရာတွင် (နျ၊ နွ၊ နှ၊ န္တ ) လည်းကောင်း နငယ်အမြီးကို တိုစေလျက် ရှေ့ဘက်သို့ လွှဲထုတ်ပြီး ရေးဆွဲရန်ဖြစ်ပေသည်။

**နငယ်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ပ / ပ့ါစောက် /**

**ပ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်တစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ပစောက်ဟုခေါ်သည်။ အစောက်ပါသော ပ ဟုဆိုလိုသည်။ ပစောက်၏သဏ္ဌာန်သည် ခပ်ပျပ်ပျပ် မဟုတ်၊ ခပ်စောက်စောက်ဖြစ်သည်ကို ပေါ်လွင်စေသောအမည်ဖြစ်သည်။ ပစောက်သည် ပ ဖ ဗ ဘ မ ဟူသော အက္ခရာငါးလုံးဖြစ်သည့် ဝဂ်ဗျည်းများကို ဦးဆောင်သည့်ဗျည်းဖြစ်သည်။ ထို့ကြောင့် ပ ဖ ဗ ဘ မ ဟူသော ဝဂ်ဗျည်းငါးလုံးကို ပဝဂ်ဗျည်းများဟု ခေါ်သည်။ ထိုဝဂ်ဗျည်းများတွင် ပစောက်သည် အဦးအစ ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ပ ကို ပဝဂ်၏ ပထမက္ခရာဟုဆိုသည်။ သံနု့ သံလျော့ဗျည်းဖြစ်သည်။သံညင်းသံလျော့ဗျည်းဟုလည်း ဆိုကြသည်။ ပါဠိဝေါဟာရအရ အဃောသသိထိလအက္ခရာဖြစ်သည်။ ပါဠိဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာ၊ မြန်မာဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာပင်ဖြစ်သည်။ နှုတ်ခမ်းဌာန်ဖြစ် အက္ခရာဟု ဆိုလိုသည်။ ပ နှင့် ဖ တွင် ပ သည် သုဒ္ဓဗျည်း ဖ သည် ကာရိုက်ဗျည်းဖြစ်သည်။ ပစောက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ပစောက် အက္ခရာ၌ကား သံယုဂ်ရှိမှဲ့ မထူးသည်သာ များ၏။ အချို့သောသူတို့သည် သဒိသဖြစ်သော ဒွေးဘော်တွင် အောက်၌တည်သော ပ ကို ခခွေးအက္ခရာမှာကဲ့သို့ အထက်ပနှင့်နောက်အဖို့ အတန်ငယ်ခြား၍ အောက်သို့ငင်ပြီးမှ ရှေ့သို့ခွေပတ်၍ရေးသည်ကား မသင့်နိုး။ အဘယ်ကြောင့်နည်းဟူမူကား ပစောက်အက္ခရာရှေ့အစွန်းသည် ခွေ၍ ဝင်သည်မဟုတ်သောကြောင့် မသင့်လေ” ဟုရှင်းပြထားပါသည်။

**ပစောက်**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ဖ / ဖ့ာအုတ်ထုတ် /**

**ဖ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်နှစ်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဦးထုပ်နှင့်သဏ္ဌာန်တူသော ဖ ဟုဆိုလိုသည်။ ဦးထုပ်ဆိုသည်မှာ ယနေ့လူအများဆောင်းနေသော ဦးထုပ်ပင်ဖြစ်မည်လော၊ ဦးခေါင်းကို ရစ်ပတ်သိမ်းထုပ်ထားသော ပုံသဏ္ဌာန်ရှိ အရာကိုပင် ခေါ်မည်လော စဉ်းစားဖွယ်ဖြစ်ပါသည်။ ပ ဖ ဗ ဘ မ ဟူသော ပဝဂ်ဗျည်းငါးလုံးတွင် ဒုတိယဗျည်းဖြစ်သည်။ ထို့ကြောင့် ပဝဂ်၏ဒုတိယက္ခရာဟုခေါ်သည်။ သံနု့သံတင်းဗျည်းဖြစ်သည်။ သံညင်းသံတင်းဟုလည်း ခေါ်သေးသည်။ ပ နှင့် ဖ တွင် ပ သည် သုဒ္ဓဗျည်း၊ ဖ သည် ကာရိုက်ဗျည်းဖြစ်သည်။ ပါဠိဝေါဟာရအရ အဃောသဓနိတဟု ခေါ်သည်။ နှုတ်ခမ်းဌာန်တွင်ဖြစ်သည်။ ဖဦးထုပ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဖဦးထုပ် (ဆရာတော်က ဖအုပ်ထုပ်ဟုရေးသည်။) အက္ခရာ၌ကား ဒွေးဘော်ဖြစ်သောအခါ ပစောက်အက္ခရာ၊ မ အက္ခရာတို့၏ အောက်၌သာ ဆွဲသင့်သောကြောင့် အချို့သဖြင့် အသွင်ဖောက်ရာ၏။ ထိုပစောက်အက္ခရာ၏ အောက်၌ဆွဲသောအခါ ပစောက်အက္ခရာမှာကဲ့သို့ အောက်သို့ဝင်၍ ခွေညွတ်ခြင်းသည် မသင့်။ မသင့်ဟန်ကား ပစောက်အက္ခရာနှင့်အတူ ရှေ့အစွန်းခွေပတ်၍ ဝင်လိုသည် မဟုတ်သောကြောင့် မသင့်ဖြစ်၏” စသည်ဖြင့် မှာထားပါသည်။

**ဖဦးထုပ်**သည် စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးရာသီ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၁၉၁၉၇ ဧကကျော် စိုက်ပျိုးထုတ်လုပ်ထား

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟင်းသီးဟင်းရွက်များ ရာသီအလိုက်ပြတ်လပ်မှုမရှိဘဲ အများပြည်သူစားသုံးနိုင်ရန် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ်မိုးရာသီ၌ မိုးမြေပဲ၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး မြို့နယ်ပေါင်း ၁၈ မြို့နယ်၌ ဧက ၁၉၁၉၇ ကျော် စိုက်ပျိုးထုတ်လုပ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယမန်နှစ်မိုးရာသီတွင် ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ယခုနှစ်မိုးရာသီ၌ ဧက ၅၀၀၀၀ လျာထားရာ ၁၉၁၉၇ ဧကစိုက်ပျိုးပြီးဖြစ်၍ ဟင်းသီးဟင်းရွက်သီးနှံ သက်တမ်းအလိုက် လျာထားဧကနှင့်အညီ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်ပေါ်ဒေသနှင့် ပဲခူးတိုင်းဒေသကြီးမှ ဝင်ရောက်လာသော သီးနှံများ၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်နှင့် အခြားမြို့နယ်တို့မှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များ သီရိမင်္ဂလာဈေးနှင့် တည်းကုန်းလက်ကားဈေးကြီးသို့နေ့စဉ်ဖြန့်ဝေပြီး ဝင်ရောက်လျက်ရှိကာ မြို့နယ်အသီးသီးရှိဈေးများသို့ တစ်ဆင့်ပြန်လည်ကုန်စည်စီးဆင်းလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင် မိုးမြေပဲ ၅၂ ဧက၊ ဖူးစားပြောင်း ၂၀၂ ဧက၊ မုန်ညင်း၊ ချဉ်ပေါင်၊ ယုဆိုင်၊ ကန်စွန်း၊ ဟင်းနုနယ်၊ ကိုက်လန်၊ ဘူး၊ ရုံးပတီ၊ ခွေးတောက်၊ ကြက်ဟင်းခါးသီး၊ ပဲလင်းမြွေသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ကြောင်လျှာသီး၊ ခဝဲသီး၊ ဗုံလုံသီး၊ နံနံပင်၊ ပူစီနံ၊ ဆလတ်ရွက်၊ ကင်ပွန်းချဉ်နှင့်အခြား ဟင်းသီးဟင်းရွက်မျိုးစုံ ၁၈၉၄၃ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မိုးရာသီ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို ဧပြီလကုန်ပိုင်းတွင် စတင်စိုက်ပျိုးလေ့ရှိပြီး စိုက်ပျိုးသီးနှံသက်တမ်းအလိုက် ရက် ၃၀ မှ ရက် ၉၀ ထိ စိုက်ပျိုးကြလေ့ရှိကာ နိုဝင်ဘာလ ဆောင်းရာသီဝင်ရောက်ချိန်၌ ဆောင်းသီးနှံအဖြစ် ဆက်လက်စိုက်ပျိုးသောကြောင့် တိုင်းဒေသကြီးအတွင်း နေ့စဉ်စားသုံးမှုတွင် ပြတ်လပ်မှုမရှိစေရန်နှင့် ဟင်းသီးဟင်းရွက် လိုအပ်မှုမရှိစေရန် ရာသီအလိုက်တိုးမြှင့်စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝတ္ထုတိုကလျာ

# သဲဖြူတန်းရွာက မလှခင်

## ကျွန်းစဉ်မြေစောခက်




(၁)

ကဆုန်နွေဟာ အညှာအတာကင်းမဲ့စွာနဲ့ လောကကြီးကို နှိပ်စက်နေလေရဲ့။ ဒါပေသိ ဘင်္ဂလား ပင်လယ်ပြင်ကမ်းနံဘေးက ရေတံငါတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်ကိုတော့ နွေနေရဲရဲက ဘယ်လိုမှ မတားဆီးနိုင်ပါဘူး။

"ဒီနှစ် ရေခူဒိုင်တွေ ပြန်ဖွင့်ပြီဟေ့။ ရေခူဈေးကောင်းနေတယ်ဆိုပဲ"

"ဟုတ်တယ်ဗျ။ ဒို့ရွာသောင်ပြင် ငွေသာတောင်မှာဖွင့်ထားတဲ့ ဒိုင်ဆို ဈေးမြှောက်ပြီးဝယ်နေတာဗျ"

နွေရာသီ ရေခူပေါ်တဲ့ နှစ်တွေမှာဆို သဲဖြူကျွန်းရွာထဲမှာ အုတ်အော်သောင်းတင်းပါပဲ။ သွားကြလာကြပြောကြဆိုကြနဲ့။ ဒီရေမှာ ရေခူတွေလဲ မြစ်အနံ့ပါပဲ။ ကိုယ့်လူနဲ့ကိုယ် သွားသူသွား၊ ဆွေမျိုးသားချင်း အချင်းချင်း ဆင်းသူဆင်း။ လှေကိုယ်စီ၊ တက်ကိုယ်စီ၊ ရွက်ကိုယ်စီနဲ့ သဲဖြူကျွန်းရွာသားတွေ မြစ်ပြင်ကျယ်ထဲ သဲသဲလှုပ်လှုပ်။ ရေခူကောင်တွေဟာ နွေတိုင်းမပေါ်တတ်ကြပါဘူး။ ပေါ်တဲ့နှစ်တွေမှာ ပေါ်ပြီး ပျောက်တဲ့နှစ်တွေမှာ ပျောက်နေတတ်ကြတယ်။ ပေါ်ပြီဟေ့ဆိုရင်လဲ မြစ်အနံ့ ချောင်းအနံ့ပါပဲလား။

စီးပွားရေးလုပ်ငန်းရှင်တွေကတော့ ရေခူပေါ်တဲ့နှစ်တွေများဆို ပင်လယ်ဒီရေရောက် မြစ်ဝ၊ ချောင်းဝ၊ မြစ်ဆုံ၊ ချောင်းဆုံ အချက်အချာကျတဲ့နေရာတွေမှာ ဒိုင်ကြီးတွေဖွင့်လှစ်ပြီးတော့ ရေခူတွေကို ဝယ်ယူတတ်ကြတယ်။

(၂)

"ကိုအောင်သူရယ် ရေခူကောက်တာများ သူများမခေါ်ပါနဲ့ ကျွန်မလိုက်မယ်။ သူများခေါ်ရင် ဝေစုခွဲပေးနေရအုံးမယ်"

"မင်းလိုက်လို့ဘယ်ဖြစ်မလဲ လှခင်။ ကလေးကငယ်သေးတယ်လေ"

"ဩော်... ကလေးက ထမင်းစားတတ်နေပြီရှင့်။ ပြောနေရင်ကြာတယ်။ သမီးလေး လှနုရေ"

မလှနု ကစားနေရာမှ ချက်ချင်းရောက်လာတယ်။

"ဒီမှာသမီး အမေ အဖေကြီးနဲ့ ရေခူကောက်လိုက်သွားမယ်။ မောင်လေး အိပ်ရာနိုးလို့ ငိုလာရင် ထမင်းကြမ်းလေးရှိတယ်။ ဝါးပြီး ခွံ့ကျွေးထားနော်"

"ဟုတ်ကဲ့ အမေ"

"ကိုအောင်သူရေ သူများတွေ မြစ်ထဲရောက်ကုန်ကြပြီ။ လာ လာ သွားကြစို့"

လှခင်ဟာ သောက်ရေအိုးကို ခါးထစ်ခွင်မှာ ဆတ်ခနဲကောက်တင်လိုက်ပြီး ခမောက်ကို ကောက်ဆောင်းပြီးတာနဲ့ မြစ်ဆိပ်သို့ ဆင်းသွားလိုက်တယ်။ ခင်ပွန်းဖြစ်သူ အောင်သူလည်း ဘယ်နှေးနေလို့ဖြစ်တော့မလဲလေ။ တက်နဲ့ရွက်ကို ပခုံးပေါ်တင်ပြီး ဇနီးသည်နောက်က လိုက်ရပြီပေါ့။

အောင်သူဟာ သူ့မိန်းမလိုက်ပါလာတာမို့ မြစ်ပြင်ကျယ်ဘက်သို့ သိပ်မထွက်ရဲဘူး။ ရွာနဲ့သိပ်မလှမ်းတဲ့နောင်တော်ကြီးမြစ်ဖျား ရောက်လာတယ်။ လှခင်က ပဲ့ကိုင်ပေးပြီး အောင်သူက လှေဦးဖျားကနေ ရေခူကောင်တွေကို လိုက်ကောက်တယ်။

"လှခင်ရေ ရှေ့နား နည်းနည်းလှော်ပေးနော်"

လှခင် လှေကို ခပ်သွက်သွက် ဖိလှော်ပေးလိုက်တယ်။

"တော်ပြီ တော်ပြီ လွန်သွားပြီ။ ပြန်ဆုတ် ပြန်ဆုတ်"

လှခင် လှော်တက်ကို နောက်ပြန်ယက်ပြီး လှေကို ပြန်ဆုတ်လိုက်တယ်။

အောင်သူ ရေခူကောင်ကြီးတစ်ကောင်ကို လှမ်းဆွဲယူလိုက်ပြီး ခေါင်းနဲ့ကိုယ်ကြားက ဖျတ်ခနဲဖြတ်ကာ လှေဝမ်းဗိုက်ထဲသို့ ဗိုင်းခနဲပစ်ချလိုက်တယ်။

"နွေနေရဲရဲ ရေလှိုင်းသဲသဲကြားမှာ ငါ့မိန်းမ မိန်းမချောလေး ဒုက္ခတွေများနေလိုက်တာ။ ရုပ်နဲ့မတန်ဘဝမာန်ကလဲ ရှိလိုက်ပါဘိ"

"ကိုအောင်သူ ရှင် ဘာတွေတွေးလို့ ဘာတွေငေးနေတာလဲ"

"လှခင်ရေ မင်းအဖြစ်ကို ကိုယ်မကြည့်ရက်လို့ပါကွယ်"

"ကိုအောင်သူ ရှင် ဘာမှမစဉ်းစားနဲ့ ကျန်းမာဖို့ပဲ အရေးကြီးတယ်။ တို့နှစ်ယောက် ကျန်းကျန်းမာမာနဲ့ အလုပ်လုပ်နိုင်ဖို့ပဲ လိုတာပါရှင်"

မိန်းမစကားကြောင့် အောင်သူ တအားသဘောတွေ့ပြီး တစ်ချက်ပြုံးဖြစ်လိုက်တယ်။

"ဒီမှာ ကိုအောင်သူ။ အခု တို့တစ်တွေပင်လယ်ကမ်းခြေမှာ လူလာဖြစ်ရတာ ဘယ်လောက်ကုသိုလ်ကံကောင်းသလဲ။ ပင်လယ်ရေအောက်ထဲမှာရှိသမျှသက်ရှိတွေဟာ ကျွန်မတို့အတွက် ငွေတွေ၊ ရွှေတွေရှင့် သိလား။ ဒါကြောင့် ကျွန်မ လေးတန်းတုန်းက ဆရာကြီး ဦးလွမ်းဝေပြောတာ မှတ်မိသေးတယ်။ တို့နိုင်ငံဟာ မြေပေါ်မှာရွှေ၊ ရေအောက်မှာရွှေ။ ရွှေနိုင်ငံတဲ့ သိလား။ ယောကျ်ားရေ ရှင်တို့ ကျွန်မတို့ဟာ ရွှေပင်လယ်၊ ငွေပင်လယ်ထဲ ရောက်နေကြတာရှင့်။ ဟိုမှာ ရှေ့က ရေခူတွေပဲ ကောက်ကောက် မြန်မြန်ကောက် ရေခူရမှ ပိုက်ဆံရမှာ"

လှခင်ကား အာဂသတ္တိခဲမလေးပေတည်း။ သဘာဝနဲ့ဘဝကို ဖွင့်ဆိုရှင်းပြတတ်တဲ့ ဇနီးမယားကြောင့် အောင်သူတစ်ကိုယ်လုံး အင်တွေအားတွေတစ်ဆတိုးပြီး ပြည့်သွားသလိုပါပဲ။

မြစ်ပြင်ကျယ်ထဲမှာ ရေခူကောက် ဇနီးမောင်နှံရဲ့ တိုက်ပွဲခေါ်သံဟာ အသိနဲ့နှလုံးသားတစ်ဝိုက် မင်းမူနေပေတော့တယ်။

အောင်သူနဲ့ လှခင်တို့ တစ်နေကုန်ပါပဲ။ မြစ်ရေပြင်ထဲ ကွေ့ပတ်ပြီး ရေခူကောက်လာလိုက်ကြတာ နေခြည်တောင် ညှိုးပါပေါ့လား။

"ဟုတ်ပြီ ဟုတ်ပြီ နေလဲ ညိုလာပြီ။ ဒီတစ်ခေါက်ပဲ ကောက်တော့မယ်နော်။ သားလေးလဲ နို့ဆာလှရော့မယ်"

"ဟုတ်ပ့ါဗျာ ဟုတ်ပ့ါ"

အောင်သူနှင့် လှခင်တို့ လှော်ရင်းကောက်ရင်းနှင့်ပင် ရွာဘက်သို့ ဦးတည်လာကြတယ်။ သဲဖြူကျွန်းရွာ ဝါးတောင်မော်တောင်တန်းနဲ့ ပိုပြီးနီးကပ်လာတယ်။

"ကိုအောင်သူ ရှေ့မှာ ရေခူတစ်ကောင် တွေ့လား"

လှခင် ပြောအပြီးမှာ ကိုအောင်သူ ရေခူကောင်ကြီးကို လှမ်းဆွဲရန်ပြင်လိုက်တယ်။ ဟာ သည်ကောင်လည်လှချည်လား။ မြစ်ရေပြင်အောက်ပိုင်း ရေနက်နက်ထဲ ချက်ချင်းရောက်သွားတယ်။ ရေသေရက်ဖြစ်တာမို့ ရေကြည်နေတာနဲ့ ရေအောက်ပိုင်းသို့ ငုပ်ဆင်းသွားတဲ့ ရေခူကောင်ကို လှမ်းမြင်နေရတယ်။ လှခင်တို့လင်မယားကို သည်လိုလုပ်လို့ရမတဲ့လား။ ချက်ချင်းပါပဲ။ သံချိတ်တပ်ထားတဲ့ ဝါးလုံးသေးသေးလေးကို ရေအောက်သို့ ထိုးချလိုက်တယ်။ ရေခူကောင်ရဲ့ ခါးလယ်ကိုချိတ်ဆွဲပြီး အောင်သူ ဖော်တင်လိုက်တယ်။ ရေခူကောင်ကြီး ဘာမှမတတ်နိုင်တော့ပါဘူး။ ဖြူဖြူရွှဲရွှဲအတုံးကြီး သံချိတ်ကြားမှာ ညှပ်ပါလာခဲ့ရပြီပေါ့။ အောင်သူ ခေါင်းတစ်ခြားကိုယ်တစ်ခြားပိုင်းဖြတ်ပြီး လှေပေါ်သို့ ကောက်တင်လိုက်တယ်။ ရေခူကောင်တွေဟာ အန္တရာယ်တစ်ခုခုကြုံလာရင် အခြားရေနေသတ္တဝါတွေလို ပြန်လည်တိုက်ခိုက်တာ၊ ထွက်ပြေးတာတို့လိုဟာမျိုး လုပ်တတ်တာမဟုတ်ဘူးလေ။ သည်လို ရေအောက်ကို ငုပ်ဆင်းသွားတယ်ဆိုတာ ရေခူကောင်တွေရဲ့ အမြင့်ဆုံးစွမ်းဆောင်ရည်ပါပဲ။

"လေသင့်နေတယ် မိန်းမရေ ရွက်ထူမယ်နော်"

အောင်သူ ရွက်ဖွင့်လိုက်ပြီး နပျံကြိုးကို လှေပဲ့ပိုင်းမှာ သွားချည်ထားလိုက်တယ်။ တိုင်ကပ်ရွက်ကလေးမှာ လေတိုးအားကြောင့် ရွက်တစ်ဖုံလုံး လေထိုးထားတဲ့ပူဖောင်းလို တင်းနေတော့တယ်။ လေတွန်းအားကြောင့် လှေကလေးမှာ လှိုင်းအိကလေးတွေကိုဖိနင်းပြီး ရေခူဒိုင်ရှိရာ ငွေသာတောင်တန်းဘက်သို့ တရှိန်ရှိန်အသံပေးကာ ဦးတည်ပြေးနေလေရဲ့။ လေတိုးအားက ခပ်ပြင်းပြင်းမို့ တက်မကိုင်ထားတဲ့ လှခင်ရဲ့ လက်ကလေးဟာ တဆတ်ဆတ်တုန်ခါနေတယ်။

"ကဲ ငါ့မိန်းမ အရမ်းပင်ပန်းနေပြီ။ ပေးပေး ကိုယ်တစ်လှည့် ပဲ့ကိုင်ပေးမယ်"

အောင်သူ သူ့မိန်းမဆီသွားပြီး တက်မ ကိုင်ပေးလိုက်တယ်။

"ဒီနေ့ တို့ကောက်ယူလာတာ ရေခူကောင်ရေနှစ်ရာကျော်ရတယ်။ တစ်ကောင်ကို တစ်ရာဈေးနဲ့ပဲဆို ပိုက်ဆံနှစ်သောင်းကျော်ရပြီလေ။ ဘယ်သူ့ကိုမှ ခွဲပေးစရာမလိုတော့ဘူးပေ့ါရှင်"

"ဒါပေမဲ့ မိန်းမရယ် ရေခူဆိုတာမျိုးက အခုလို နွေရင့်ရင့်မှာမှ ရတာနော်။ မိုးတစ်စက်၊ နှစ်စက်ကျတာနဲ့ ဒီကောင်တွေပျောက်ပြီ"

"ဟုတ်လား"

"ဟုတ်တယ်လေ။ အဲဒါ သူတို့ သဘာဝပဲ"

ပင်လယ်လေရဲ့နှင်အားကြောင့် ကမ်းရိပ် တောင်ရိပ်တွေ လှေနောက်မှာ ရွေ့လျားကျန်ခဲ့ကြတယ်။ အောင်သူ လှေကို သဲဖြူကျွန်းရွာ ငွေသာတောင် လှေဆိပ်မှာ ထိုးကပ်ပေးလိုက်တယ်။

"ရေခူတွေ ကိုအောင်သူပဲ သွင်းခဲ့တော့နော်။ ကျွန်မသားလေးလဲ နို့ဆာနေရော့မယ်"

လှခင် အိမ်ထဲသို့အရောက်မှာ ကလေးကို ရင်ခွင်ထဲထည့်လိုက်ပြီး အပေါ်အင်္ကျီစကလေးကိုလှန်လိုက်တာနဲ့ နို့ရည်တွေနဲ့ ပြည့်နေတဲ့ ကလေးရဲ့အာဟာရဘဏ်တိုက်ကြီးဟာ ရုန်းထွက်ကျလာပါတော့တယ်။ ကလေးမှာ အာဟာရကိုတွေ့သွားတာနဲ့ အားရပါးရစုပ်ယူပြီး မျိုချနေလိုက်တာ အားရဖို့ကောင်းသလို သနားဖို့လဲကောင်းတယ်။

ဘဝတွေရဲ့ပေးဆပ်ခြင်းအကြောင်းတရားတွေဟာ အမေနဲ့ကလေးကို နို့တိုက်ချိန်ကလေးကိုတောင် စည်းခြားနိုင်တဲ့ သံယောဇဉ်ပဝါပါးလေး ဖြစ်ခဲ့လေပြီပေ့ါ။

(၃)

"လှခင်ရယ် မြစ်ထဲလိုက်တာ တစ်ရေးရှိပြီ။ ဒီနေ့ မြစ်ထဲမလိုက်နဲ့တော့နော်။ မိန်းမကိုရော သားလေးကိုပါ သနားလွန်းလို့ပါကွယ်"

"ဟုတ်ပါပြီ။ အဲလိုဆို ကျွန်မ မလိုက်တော့ဘူး။ ဒိုင်ကိုဆင်းပြီး နေ့စားပဲ ဝင်လုပ်လိုက်မယ်နော်"

"မလုပ်ပါနဲ့ မိန်းမရာ မင်း ပင်ပန်းပါတယ်"

"ဒါတော့ရပါတယ် ကိုအောင်သူရယ်။ ကလေးနို့ဆာချိန်လောက်ဆို ကျွန်မ ရွာဝင်ပြီး နို့ဝင်တိုက်လို့ရတယ်လေ"

"မိန်းမကတော့ စံပါပဲကွယ်"

အောင်သူ လှေဆိပ်သို့အဆင်းမှာ နောက်သို့ တစ်ချက်လှည့်အကြည့်မှာ ပါရမီဖြည့်ဖက်လေးက လှလှပပပြုံးပြပြီး လက်ကလေးလှုပ်ယမ်းပြလို့။

လှခင်ဟာ ဝတ်တာစားတာကအစ သပ်သပ်ရပ်ရပ်လေးဆိုတော့ သဘာဝကိုယ်လုံးလှလှလေးဟာ ပိုပြီးကြည့်ကောင်းသွားသလိုပဲ။ ကမ်းခြေမှာနေ၊ ကမ်းခြေမှာမွေး၊ ကမ်းခြေမှာ ကြီးပြင်းလာခဲ့ပေမဲ့ ခန္ဓာကိုယ်အချိုးအဆစ် အဝိုက်အဝန်းတွေက သူ့နေရာလေးနဲ့သူ အတော်ကြည့်ကောင်းတယ်။ အသက်က ၃၀ ဝန်းကျင်ဆိုတာ အမျိုးသမီးတွေအတွက် ပြည့်ဖြိုးနုပျိုပြီး အလှဆုံးအရွယ်ပဲလေ။

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၁၄၅၆ ဧက စိုက်ပျိုးပြီးစီး



**ရေဦး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၁၄၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၅၈၄၈ ဧကနှင့် မိုးပဲတီစိမ်း ၁၄၉၃၉ ဧက စုစုပေါင်း ၂၀၇၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ဧက ၁၂၃၃၀ နှင့် မိုးပဲတီစိမ်း ၁၉၁၂၆ ဧက စုစုပေါင်း ၃၁၄၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲတီစိမ်းအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း လုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဇေယျာသီရိမြို့နယ် ရှမ်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျောက်ချက်ကျေးရွာအုပ်စု ရှမ်းရွာကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှမ်းရွာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

## သိဉာဏ်မြင့်မား တို့လူသား

\- အသိဉာဏ် လွန်မြင့်မား
တို့လူသား သတ္တဝါ၊
ဆိုးကောင်းကို ဝေဖန်တတ်
မြင့်မြတ်ပေတာ၊
လူသားချင်း ကိုယ်ချင်းစာ
ချစ်ခင်စွာ အတူပေါင်းဖက်၊
မေတ္တာကို ရင်မှာနှင်းလို့
စိတ်ချင်းသွယ်ယှက်။

\- ဘဝမှာ နိုးကြားမပြတ်
ရိုးသားလျက် အမြဲရှင်သန်၊
လူဖြစ်လျှင် လူ့ကျင့်ဝတ်
မချွတ်ကျင့်ကြံ၊
ဘဝအရေး နေနည်းအမှန်
အရှည်သည်းခံ စိတ်ကောင်းမွေး၊
မုဒိတာ ဘဝင်နှလုံးရယ်
ရွှင်ပြုံးစေလေး။

\- ကောင်းရာကို ရင်မှာတွေးလို့
ကြင်နာမနှေး လူ့ရပ်ခွင်၊
မကောင်းမှုတွေ ဘယ်မပွား
ဖယ်ရှားရှောင်ကြဉ်၊
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်
လူ့ဘဝတွင် အောင်နိုင်ဖို့၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လှမ်းလျှောက်ပါစို့။ ။

**ရဲသွေးနီ(တက်ဝန်)**

➢ စာမျက်နှာ ၂၄ မှအဆက်

နွေနှောင်းဝသန်ရာသီပြန်ချိန်မို့ပေလားမသိ နေပူတစ်လှည့် တိမ်တစ်လှည့်နဲ့ ဒီနေ့ဟာ ခါတိုင်းနေ့တွေထက် ပိုပူပြင်းနေသလိုပဲ။ ဒီနေ့ အိပ်ရာထကတည်းက အောင်သူ စိတ်လက်မအီမသာဖြစ်နေတယ်။ မြစ်ထဲတောင် မထွက်တော့ဘူးလို့နေတာ ဇနီးသည်တိုက်တွန်းမှုကြောင့် မြစ်ပြင်ထဲရောက်ခဲ့တယ်။ ရေခူလိုက်ကောက်တော့လည်း သိပ်အဆင်မပြေချင်။ ဒါနဲ့ပဲ နေ့တစ်ဝက်လောက်မှာ ရလာတဲ့ရေခူတွေနဲ့ ရေခူဒိုင်သို့ လှော်လာခဲ့တယ်။ ခါတိုင်းနေ့တွေဆို တောင်ပြန်လေနဲ့မို့ ရွက်ဖွင့်လိုက်တာနဲ့အဆင်ပြေတယ်။ သည်ကနေ့ လေလည်းမဝင်၊ ရာသီဥတုလည်း မပွင့်နဲ့ အူတူတူဖြစ်နေတယ်။ ရွက်မထူနိုင်တာကြောင့် တက်ကူလို့ပဲ အောင်သူ လှော်လာခဲ့တယ်။

ရွာဆိပ်ရောက်တော့လည်း ခါတိုင်းနေ့တွေလို ဇနီးချော လှခင် လာကြိုတာမတွေ့ရဘူး။ လှေဆိပ်ကနေ ဒိုင်ဘက်သို့ လှမ်းကြည့်လိုက်တယ်။ ပင်လယ်ထဲ လှေလှော်ရင်း အမောရင်အုံလို့က်မောလာတဲ့ အောင်သူ ပိုပြီးဆူဝေသွားတယ်။ အောင်သူရဲ့ဘဝဖော် ရှန်းကန်ဖက် လှခင်ရယ်လေ အလုပ်သမတွေ ဝိုင်းချုပ်ချော့မော့ပြီး ပြောနေကြတဲ့ကြားက အောင်သူကို တစ်ချက်လှမ်းကြည့်ရင်း ပကတိတည်ငြိမ်တဲ့ မျက်နှာထားနဲ့ လှမ်းပြောလိုက်တယ်။

"ယောကျ်ားရေ ရှင့်အတွက် ကျွန်မ သစ္စာရှင်ဆိုတာပြလိုက်ပြီရှင့်"

(၅)

"ပြောပါ သူဌေး ကျွန်မကို ဘာကိစ္စ ရှင့်အခန်းထဲခေါ်တာလဲ"

ရေခူဒိုင်ပိုင်ရှင်သူဌေးက ဘီယာခွက်ကို မော့သောက်ချလိုက်ပြီး လှခင်ကို ပြေးဖက်လိုက်တယ်။ လှခင်ကို အဲလိုလုပ်လို့ ဘယ်ရမလဲ။ လက်နှစ်ဖက်ကို အားယူပြီး ရှေ့သို့ဆောင့်တွန်းလိုက်တယ်။ သူဌေး သူ့အိပ်ရာပေါ် ဗိုင်းခနဲ ပက်လက်လန်လဲကျသွားပါတော့တယ်။ သူဌေးဟာ ပြေးထပြီး လှခင်ကို အားရပါးရဖက်ကာ အိပ်ရာပေါ်လှဲချလိုက်တယ်။ သူဌေးဟာ ဝတ်ရည်တွေ့နေတဲ့ ပျားပိတုန်းကောင်လို စုပ်ယူမယ် တကဲကဲ။ လှခင် အတင်းရုန်းထွက်ပြီး မတ်တတ်ထရပ်လိုက်တယ်။

လှခင် ဟိုဟိုသည်သည်လိုက်ကြည့်လိုက်တယ်။ လှခင်ဟာ ကျားပျံမလိုပဲ လျှပ်ရှားမှုက မြန်တယ်။ မူးရူးနေတဲ့ သူဌေးကြီးရင်ခွင်ထဲက အတင်းရုန်းထွက်ပြီး သစ်သားချောင်းတစ်ချောင်းကို လှမ်းကောက်ကာ သူဌေးကို ခပ်ဆတ်ဆတ်ရိုက်ထည့်လိုက်ပါတော့တယ်။

"ကဲဟာ"

ကာမဂုဏ် ရမ္မက်ရူးကြီး ယိုင်လဲကျသွားခဲ့လေပြီကော။

တကယ်တော့ လှခင်ဟာ ဗုဒ္ဓဘာသာစစ်စစ် မြန်မာအမျိုးသမီးပီပီ ကာမပိုင်လင်ယောကျ်ားအပေါ်မှာ သစ္စာရှိပြရုံမက မိန်းမကောင်းမိန်းမမြတ်ဆိုတဲ့ဂုဏ်အင်္ဂါရပ်ကိုလည်း မှတ်ကျောက်တင်ပြလိုက်တဲ့ တကယ့်အာဂအမျိုးသမီးပါပဲ။ လှခင်ကား နွေနေရဲရဲမှာ ကြိုးဝိုင်းထဲ တက်ထိုးလိုက်တဲ့ တကယ့်လှခင်ပါပဲ။

(၆)

သဲဖြူကုန်းရွာအုပ်ချုပ်ရေးမှူးရုံးမှာ ရွာသားအတော်များများ ပြည့်နေတယ်။ အပျိုရွယ်၊ လူပျိုရွယ်တွေကအစ အသက်ကြီးပိုင်းထိ ရောက်လာကြတယ်။ အကြောင်းကိစ္စက ရေခူဒိုင်ပိုင်ရှင်သူဌေးနဲ့ လှခင်တို့ အမှုကိစ္စပဲဖြစ်ပါတယ်။ လှခင်ကတော့ ရပ်ဝေးရပ်နီးက ကြားသွားရင် အကျယ်အကျယ်မငြိမ်းဖွယ်ဖြစ်မှာစိုးလို့ ရဲမတိုင်တော့ဘဲ ရွာမှာပဲ ဆုံးဖြတ်ပေးဖို့တောင်းဆိုလိုက်တာနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာ လူတွေပြုံနေကြတာဖြစ်တယ်။ ရွာသားတွေကတော့ ကိုယ့်ရပ်ကိုယ့်ရွာသူ အိမ်ထောင်သည်လင်ရှိမယားကို စော်ကားဖို့ကြံစည်တဲ့ မြို့က သူဌေးကို လုံးဝမကျေနပ်ရှာကြ။ လူငယ်ပိုင်းအတော်များများ ဝိုင်းရိုက်ချင်ကြတယ်။ ရွာသားတွေ ရွေးချယ်တင်မြှောက်ထားတဲ့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးကတော့ တရားလမ်းကြောင်းအတိုင်း သွားပါလိမ့်မယ်ဟု ငြိမ်းချမ်းရေးစကားပြောတယ်။

အုပ်ချုပ်ရေးမှူးနဲ့ သူ့အဖွဲ့ဝင် ငါးဦးစုံတဲ့အခါ ငါး၊ ပုစွန်ဒိုင်ပိုင်ရှင် မြို့သားကြီး ဦးအောင်ဒင်ဟာ ပိတ်စဖြူဖြူလေးကို နဖူးပေါ်က ဒဏ်ရာ တွင်စည်းပြီး ရှေ့သို့တိုးလာတယ်။

"လူကြီးမင်းများခင်ဗျာ ကျွန်တော်လဲ အဲဒီနေ့မှာ သောက်တာနည်းနည်းများလို့ ဖြစ်မှန်းမသိဖြစ်သွားတာပါ။ ဒါကြောင့် ဒီအမှုကို ဒီမှာတင်ရပ်ပြီး ကျေအေးပေးစေလိုပါတယ်။ မလှခင်ကိုလဲ ကျွန်တော် အရှက်တကွဲလုပ်မိတဲ့အတွက် လျော်ကြေးငွေကျပ် ၁၀ သိန်း ပေးပါမယ်ခင်ဗျ"

"အဲဒါ မလှခင်နဲ့ပဲဆိုင်တာလေ မလှခင်က ဘယ်လိုသဘောရလဲ"

ပရိသတ်တွေကတော့ မဆိုးဘူး မလှခင် လက်ခံသင့်တယ်ဆိုတဲ့ သဘော လှခင်ဆီ မျက်လုံးအစုံစုံတို့ စုပြုံရောက်နေကြတယ်။

"ဒီလိုပိုက်ဆံနဲ့ကျေအေးလိုက်ရင် ကျွန်မ ဘယ်အဆင့်ရောက်သွားမလဲ။ ကျွန်မကို ပိုက်ဆံပေးဖို့မကြိုးစားပါနဲ့။ ၁၀ သိန်းမပြောနဲ့ သိန်း ၁၀၀ ပေးလဲ ကျွန်မလက်မခံနိုင်ဘူး။ ကျွန်မ မိကောင်းဖခင်သားသမီးပါ။ ကျွန်မနဲ့ ကျွန်မယောကျ်ား အောင်သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ကိုလေးနက်တဲ့မေတ္တာတရားတွေနဲ့ လင်နဲ့မယား ပေါင်းဖော်နေကြတာပါ"

ပတ်ဝန်းကျင်မှာတော့ သစ်ရွက်ကလေးတွေကို လေတိုးသံမှအပ တိတ်ဆိတ်နေတယ်။ မလှခင်ရဲ့ တိကျပြတ်သားတဲ့ ပြောဆိုမှုက ကြားရသူတွေရဲ့ရင်ဘတ်ထဲမှာ ကြည်လင်တဲ့အသံတွေ မြည်ဟည်းနေပါတယ်။

"ကျွန်မ တစ်ခုတော့တောင်းဆိုပါရစေ။ ဒီမှာ သူဌေး ကျွန်မကို နစ်နာကြေးဆိုပြီး ပိုက်ဆံ ၁၀ သိန်းပေးဖို့ မကြိုးစားပါနဲ့။ ကျွန်မတို့ရွာသူ၊ ရွာသားအားလုံးအတွက် အထူးသဖြင့် လူငယ်တွေအတွက်ပေါ့ရှင်။ ရွာလယ်က မောင်းထောင်းကွင်းမှာ စာကြည့်တိုက်တစ်ခုတည်ထောင်ပေးပါလို့တောင်းဆိုပါရစေ။ ကျွန်မကိုယ်တိုင်လဲ စာဖတ်အရမ်းဝါသနာပါပါတယ်"

ပရိသတ်တွေ အံ့ဩမှုတစ်ခု ရုတ်ခြည်းကောက်ရသွားသလိုဖြစ်ပြီး မလှခင်ကို သဘောကျစွာလှမ်းကြည့်လိုက်ကြတယ်။ လှခင်တို့ ဖြစ်ပျက်မှုအကြောင်းတရားအလွန် သုံးလအတွင်းမှာပဲ သဲဖြူကုန်းရွာ မောင်းထောင်းကွင်းမှာ "ကျေးလက်ရောင်ခြည်"စာကြည့်တိုက်ကလေးဟာ ရွာရဲ့ ကျက်သရေဆောင်အလှဂုဏ်တစ်ခုကို ဖော်လှစ်နေပါတော့တယ်။

# အိန္ဒိယ၊ တရုတ်၊ မြန်မာ ၂၀၅၀

ပိုက်တင်

**အိန္ဒိယ၂၀၅၀**

ကမ္ဘာ့စီးပွားရေးအခင်းအကျင်းများ ဆက်လက်တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည်နှင့်အမျှ အိန္ဒိယနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေး၌ အဓိကကျသောပါဝါသစ်အဖြစ် ပေါ်ထွက်လာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ များပြားလှပြီး Australoid၊ Mongoloid၊ Europoid၊ Caucasianနှင့် Negroid ဟူ၍ လူမျိုးစုဆိုင်ရာဇာစ်မြစ်များကွဲပြားသော ယဉ်ကျေးမှုမြင့်နိုင်ငံသားများ၊ တိုးပွားလာသော လူလတ်တန်းစားများနှင့် လျင်မြန်စွာတိုးတက်လာသော နည်းပညာကဏ္ဍတို့သည် အိန္ဒိယနိုင်ငံ၏ အားကောင်းသောအနာဂတ်ကို မျှော်မှန်းနိုင်စေသည့် အကြောင်းများပင်ဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးစီးပွားရေးဖြစ်လာပြီး အနည်းဆုံး အမေရိကန်တို့၏ ဓနအင်အားကို ကျော်လွန်ကာ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ဦးတည်ဖြစ်ထွန်းလာမည်ဖြစ်သည်။

အိန္ဒိယ၏ စီးပွားရေးတိုးတက်မှုဖြစ်စဉ်က ထူးခြား၏။ လွန်ခဲ့သည့်ဆယ်စုနှစ်အနည်းငယ်ခန့်က ဆင်းရဲမှုနှင့် ရင်ဆိုင်ခဲ့ရသောတိုင်းပြည်သည် သိသာထင်ရှားသော ဂျီဒီပီတိုးတက်မှု၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြဖြစ်ထွန်းမှုတို့ကို များမကြာမီနှစ်များက စတင်တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ အိန္ဒိယအစိုးရသည် စီးပွားရေးကို ပွင့်လင်းမြင်သာမှုရှိစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် စွန့်ဦးတီထွင်မှုမြှင့်တင်ရန် အမျိုးမျိုးသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းအချက်အလက်များအရသိရသည်။ ဤအစီအမံများက အိန္ဒိယနိုင်ငံ၌ တိုးတက်နေသော ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ခိုင်မာသောဝန်ဆောင်မှုလုပ်ငန်းနှင့် လျင်မြန်စွာတိုးတက်နေသော ဒစ်ဂျစ်တယ်စီးပွားရေးနှင့်အတူ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ထူထောင်နိုင်စေရန် များစွာထောက်ပံ့ကူညီပေးခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၏ နည်းပညာကဏ္ဍသည် ၎င်း၏စီးပွားရေးတိုးတက်မှုအတွက် အဓိကပံ့ပိုးကူညီမှုတစ်ခုဖြစ်ကြောင်း သုတေသနများက ဖော်ပြလျက်ရှိသည်။ ကဏ္ဍစုံဆန်းသစ်တီထွင်မှုများ၊ အိုင်တီကုမ္ပဏီများနှင့် Bangalore နှင့် Hyderabad ကဲ့သို့သော နည်းပညာဆိုင်ရာအချက်အချာစင်တာများနှင့်အတူ အိန္ဒိယနိုင်ငံသည် ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ဗဟိုအချက်အချာတစ်ခုဖြစ်လာနေသည်။ နိုင်ငံ၏ဒစ်ဂျစ်တယ်စီးပွားရေးသည် အင်တာနက်ထိုးဖောက်ဝင်ရောက်မှု၊ စမတ်ဖုန်းအသုံးပြုမှုနှင့် e-commerce အရောင်းအဝယ်များ တိုးလာခြင်းဖြင့် လျင်မြန်စွာကျယ်ပြန့်ဖြစ်ထွန်းလာသည်။ ဤဒစ်ဂျစ်တယ်တော်လှန်ရေးသည် သမားရိုးကျစက်မှုလုပ်ငန်းများကို ပြောင်းလဲစေရုံသာမက တိုးတက်ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များကိုလည်း ဖန်တီးပေးနေသည်။ လုပ်သားအင်အားလူဦးရေဝေစုမြင့်မားမှု၊ စားသုံးသူဈေးကွက်နှင့် နည်းပညာကဏ္ဍအပြင် အိန္ဒိယသည် ကုန်သွယ်မှုသဘောတူညီချက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ၎င်း၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဆက်နွယ်မှုကို များစွာပိုမိုခိုင်မာတောင့်တင်းစေသည်။ ကမ္ဘာတစ်ဝန်းရှိနိုင်ငံများနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းဖြင့် အိန္ဒိယနိုင်ငံသည် ၎င်း၏ဈေးကွက်လက်လှမ်းမီမှုကို ချဲ့ထွင်ကာ ၎င်း၏ရင်းနှီးမြှုပ်နှံမှုရင်းမြစ်များကို အမည်စုံကွဲပြားစေလျက် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ တောက်ပသောစီးပွားရေးအနာဂတ်သည် ၎င်း၏တက်ကြွသောလူဦးရေအင်အား၊ စားသုံးသူဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ ဆန်းသစ်တီထွင်သောနည်းပညာကဏ္ဍနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပေါင်းစည်းမှု ကိစ္စအားလုံးတို့တွင် ခိုင်မာတောင့်တင်းပြီး အရှိန်ရနေလေသည်။ အဆိုပါအားသာချက်များကို အသုံးချကာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် အိန္ဒိယနိုင်ငံသည် ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာရန် ကောင်းမွန်တည်ငြိမ်စွာ ခရီးတွင်လျက်ရှိနေသည်။ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း၊ လူသားအရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသောအာမခံချက် ကတိကဝတ်များဖြင့် အိန္ဒိယနိုင်ငံသည် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုကို ရရှိနိုင်မည် ဖြစ်သည်။ အိန္ဒိယပြည်သူများနှင့် ကမ္ဘာ့အကျိုးကိုပိုမိုဖြစ်ထွန်းစေရေး အင်အားကြီးနိုင်ငံတစ်ခုအဖြစ် မုချရပ်တည်တော့မည်ဖြစ်သည်။

**❖ ၂၀၅၀ ပြည့်နှစ်ကို လှမ်းမျှော်ကြည့်သောအခါ ကမ္ဘာ့စီးပွားရေးသည် ယနေ့ခေတ်ထက်များစွာကွာခြားနေမည်မှာ အသေအချာဖြစ်သည်။ ကမ္ဘာ့အနာဂတ်ကိုပုံဖော်ရာတွင် အဓိကအရေးပါသော အခန်းကဏ္ဍမှပါဝင်လာမည့် နိုင်ငံနှစ်ခုမှာ တရုတ်နှင့်အိန္ဒိယတို့ဖြစ်သည်။ ဤစီးပွားရေးအင်အားကြီးနိုင်ငံနှစ်ခု၏ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးထွားမှုသည် အာရှ၏စီးပွားရေးအခင်းအကျင်းကို ပြန်လည်ပုံဖော်ရုံမက မြန်မာနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများအပေါ်တွင်လည်း ကြီးမားကျယ်ပြန့်စွာ သက်ရောက်မှုများ ရှိနေလိမ့်မည်ဖြစ်သည်။❖**

**တရုတ်၂၀၅၀**

၂၀၅၀ ပြည့်နှစ်ကို မျှော်မှန်းကြည့်မည်ဆိုလျှင် ကမ္ဘာ့စီးပွားရေးတွင် တရုတ်နိုင်ငံက အဓိကနေရာတွင်ပါဝင်လာမည့် အရေးပါသောအခန်းကဏ္ဍကို လျစ်လျူမရှုနိုင်ပေ။ လွန်ခဲ့သည့်ဆယ်စုနှစ်အနည်းငယ်အတွင်း ၎င်း၏လျင်မြန်သောတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တရုတ်နိုင်ငံသည် စီးပွားရေးလောကတွင် ပါဝါအင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပေါ်ထွက်လာပြီး လာမည့်နှစ်များတွင် ဆက်လက်အောင်မြင်နေမည်ဖြစ်ကြောင်း အချက်အလက်များအားလုံးက ညွှန်ပြနေလေသည်။

တရုတ်စီးပွားရေးသည် နှစ်စဉ်ဂျီဒီပီတိုးတက်မှုနှုန်း ပျမ်းမျှခြောက်ရာခိုင်နှုန်းနှင့် ခုနစ်ရာခိုင်နှုန်းခန့်ဖြင့် ယေဘုယျအားဖြင့် တည်ငြိမ်သောလမ်းကြောင်းပေါ်တွင်ရှိနေ၏။ ဤတိုးတက်မှုသည် စက်မှုထွန်းကားမှု၊ မြို့ပြအသွင်ဆောင်မှုနှင့် တိုးပွားထွန်းကားနေသော လူလတ်တန်းစားများအပါအဝင် အကြောင်းရင်းများစွာပေါင်းစပ်ပြီး ကြီးမားသောတွန်းအားတစ်ရပ်ကို ပိုင်ဆိုင်ထားပြီဖြစ်သည်။တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးအခြေခံစီးပွားရေးမှ စက်မှုစီးပွားသို့ ကူးပြောင်းခဲ့ပြီးနောက် ပို့ကုန်ဦးစားပေးကုန်ထုတ်လုပ်မှုအပေါ် အာရုံစိုက်ထားခြင်းကလည်း စီးပွားဖြစ်စေရေး နောက်ထပ်တွန်းအားတစ်ရပ်ဖြစ်ခဲ့ပြန်သည်။

၂၀၅၀ ပြည့်နှစ်တွင် တရုတ်စီးပွားရေးသည် ထိပ်တန်းအဆင့်သို့ မလွဲမသွေရောက်ရှိပြီးနောက် အရှိန်အဟုန်ဖြင့် ဆက်လက်ချဲ့ထွင်နိုင်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။ ၂၀၅၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ဂျီဒီပီခန့်မှန်းချက်အားဖြင့် အမေရိကန်ဒေါ်လာ ၃၅ ထရီလီယံမှ ထရီလီယံ ၆၀ ထိရရှိပြီး ကမ္ဘာ့အကြီးဆုံးစီးပွားရေးနိုင်ငံအဖြစ် အမေရိကန်ကို မလွဲမသွေကျော်တက်နိုင်မည်ဟု ခန့်မှန်းထားကြသည်။ ခေတ်မီမြို့ပြများအသွင်ကူးပြောင်းမှု၊ အဆင့်မြင့်နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် စားသုံးသူမောင်းနှင်သော စီးပွားရေးသို့ စဉ်ဆက်မပြတ် ကူးပြောင်းမှုအပါအဝင် ဖြစ်ထွန်းမှုများစွာဖြင့် တစ်ဟုန်ထိုးဖွံ့ဖြိုးလာမည်ဟု သုတေသီတို့ကဟောကိန်းထုတ်ကြသည်။

၂၀၅၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အဓိက မောင်းနှင်အားများထဲမှ တစ်ခုမှာ ၎င်း၏ လျင်မြန်စွာကြီးထွားလာသော လူလတ်တန်းစားများ ဖြစ်လာမည်ဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ လူလတ်တန်းစားများသည် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်ထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။

ထို့မျှမက ၂၀၅၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးသည် နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကဏ္ဍ၌ ၎င်း၏ ဆက်လက်ရင်းနှီးမြှုပ်နှံမှုများဖြင့် ပါဝါကြီးနိုင်ငံအဖြစ် ပုံဖော်လာမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ဉာဏ်ရည်တု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် e-commerce ကဲ့သို့သော နယ်ပယ်များတွင် သိသာထင်ရှားသော ခြေလှမ်းများကို လှမ်းနေပြီဖြစ်ပြီး အဆိုပါကဏ္ဍများသည် လာမည့်ဆယ်စုနှစ်များအတွင်း တိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်လာဖွယ်ရှိသည်။ ၂၀၅၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် သန့်ရှင်းသောစွမ်းအင်၊ ဇီဝနည်းပညာနှင့် အဆင့်မြင့်ကုန်ထုတ်လုပ်ငန်း စသည့်နယ်ပယ်များတွင် တိုးတက်ရေးအားထုတ်ပြီး နည်းပညာဆန်းသစ်တီထွင်မှုတွင် ကမ္ဘာ့ခေါင်းဆောင်ဖြစ်လာရန် ရည်ရွယ်ချက်နှင့် အလားအလာလည်းရှိနေသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးအစီအမံဖြစ်သော Belt and Road Initiative (BRI) သည် ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံ၏စီးပွားရေးကိုပုံဖော်ပေးမည့် အဓိကအချက်ဖြစ်သည်။ BRI ကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး အာရှ၊ အာဖရိကနှင့် ဥရောပတစ်ဝန်းတွင် ကြီးမားသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ စီမံဆောင်ရွက်နေသည်။ ၂၀၅၀ ပြည့်နှစ်တွင် BRI သည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် ချိတ်ဆက်မှုအပါအဝင် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ စီးပွားရေးအရ ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာဖြင့် ဩဇာလွှမ်းမိုးမှုများ တိုးမြင့်လာစေမည်ဟု မျှော်မှန်းရသည်။

**၂၀၅၀ ပြည့်နှစ် တရုတ်နှင့်အိန္ဒိယ ဖွံ့ဖြိုးတိုးတက်မှုများ၏ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများ**

၂၀၅၀ ပြည့်နှစ်ကို လှမ်းမျှော်ကြည့်သောအခါ ကမ္ဘာ့စီးပွားရေးသည် ယနေ့ခေတ်ထက် များစွာကွာခြားနေမည်မှာ အသေအချာဖြစ်သည်။ ကမ္ဘာ့အနာဂတ်ကိုပုံဖော်ရာတွင် အဓိကအရေးပါသော အခန်းကဏ္ဍမှပါဝင်လာမည့် နိုင်ငံနှစ်ခုမှာ တရုတ်နှင့် အိန္ဒိယတို့ဖြစ်သည်။ ဤစီးပွားရေး အင်အားကြီးနိုင်ငံနှစ်ခု၏ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးထွားမှုသည် အာရှ၏စီးပွားရေးအခင်းအကျင်းကို ပြန်လည်ပုံဖော်ရုံသာမက မြန်မာနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများအပေါ်တွင်လည်း ကြီးမားကျယ်ပြန့်စွာ သက်ရောက်မှုများ ရှိနေလိမ့်မည်ဖြစ်သည်။

သယံဇာတများ လွန်စွာပေါများပြီး မဟာဗျူဟာကျသောပထဝီနိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ တည်နေရာနှင့်အတူ မြန်မာနိုင်ငံသည် အရင်းအမြစ်များ လုံခြုံစိတ်ချရပြီး ၎င်းတို့၏လက်လှမ်းမီမှုကို ချဲ့ထွင်ရန်ရှာဖွေနေသည့် တရုတ်နှင့်အိန္ဒိယ ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိသော ဈေးကွက်တစ်ခုမုချဖြစ်လာမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ဝင်ရောက်လာခဲ့လျှင်မြန်မာ့စီးပွားရေးကိုမြှင့်တင်ပေးရုံသာမက အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အလုပ်အကိုင်ဖန်တီးရေးတို့အတွက်လည်း လမ်းသစ်များခင်းပေးနိုင်လိမ့်မည်ဖြစ်သည်။ ထိုနိုင်ငံကြီးများကြားကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်အတွက် လမ်းများ၊ ရထားလမ်းများနှင့်ဆိပ်ကမ်းများ အသစ်ဖောက်လုပ်တည်ဆောက်ရန် အလားအလာရှိပြီး ဒေသတွင်း မြန်မာနိုင်ငံ၏ဆက်သွယ်ကူးလူးပေးနိုင်မှု၊ ကုန်စည်ကူးသန်းနိုင်မှု ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာရှတိုက်၏လူမှုစီးပွားနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဗဟိုချိတ်ဆက်တစ်ခုအဖြစ် ထူးခြားခမ်းနားစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ထောက်ပြအကြံပြုလိုရင်းဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၇၈၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်




**ခင်ဦး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၇၈၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၀၄၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၈၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၀၄၇၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၈၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သံဖြူဇရပ်မြို့နယ် ဝယ်ကဝါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် စက်တင်ဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝယ်ကဝါကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့်ဝန်ထမ်းများက ဝယ်ကဝါကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဝယ်ကဝါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ်သန်း ၄၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဝယ်ကဝါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း ၆၃ ဦးကို ရန်ပုံငွေကျပ်သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

# မိဘ၊ ဆရာတွေရဲ့ကျေးဇူး

**ကိုယဉ်ချစ်(မန္တလေး)**

လူ့ဘဝထဲကိုရောက်လာပြီဆိုကတည်းက မိဘနဲ့ ဆရာဆိုတာ လူတိုင်းနဲ့ ဘယ်လိုမှမကင်းနိုင်ကြပါ။ မိဘနဲ့သားသမီးဆိုတာ လူ့ဘဝကိုရောက်တဲ့ အချိန်မှ သေဆုံးသွားတဲ့ထိ ထိတွေ့ဆက်ဆံကြရသူတွေဖြစ်ပါတယ်။ တချို့လဲ အကြောင်းအမျိုးမျိုးကြောင့် လူချင်းခွဲခွာနေရပေမဲ့ မိဘနဲ့သားသမီး ဆက်ဆံရေးဟာ ကင်းကွာလို့မရပါ။ မိဘတွေဟာ သားသမီးတွေရဲ့ လက်ဦးဆရာတွေ ဖြစ်ပါတယ်။ ဒါကြောင့် လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိန္ဒင့် ဖလို့ ဆိုခဲ့ကြပါတယ်။ မိဘတိုင်းဟာ မွေးကင်းစ အရွယ် လူမမည်အရွယ်ကစပြီး မိမိဘဝမိမိရပ်တည်နိုင်တဲ့ အရွယ်ရောက်တဲ့ထိ ကျွေးမွေးပြုစုသွန်သင်ဆုံးမနည်းလမ်းပြပေးခဲ့ကြသူတွေ ဖြစ်ပါတယ်။ သားသမီးတွေ ကျန်းမာသန်စွမ်းဖို့၊ ပညာတတ်တွေဖြစ်ဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့၊ ကြီးပွားတိုးတက်ဖို့ တည့်မတ်ထိန်းကျောင်းပေးကြတဲ့သူတွေဖြစ်ပါတယ်။

ဆရာဆိုတာကတော့ ကျောင်းစနေတဲ့အရွယ်ကစပြီး ပညာသင်ယူမှုတွေဆုံးခန်းတိုင်တဲ့ထိ သင်ကြားပြသပေးသူတွေဖြစ်ပါတယ်။ ကျောင်းနေအရွယ်မှာ ဆရာတွေက မိဘတွေထက် အချိန်ပိုပြီး ကလေးတွေနဲ့ နီးနီးကပ်ကပ်ရှိနေကြသူတွေဖြစ်ပါတယ်။ တပည့်တွေကို စာသင်ပေးရတဲ့တာဝန်တွေအပြင် အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာဆိုတဲ့ သိင်္ဂါလောဝါဒဆုံးမစာအတိုင်း ဆရာ့ဝတ္တရားတွေပါ ပေးဆပ်ကြသူတွေဖြစ်ပါတယ်။ ကျောင်းစာတွေကိုသာမက တပည့်တွေကို ကာယ၊ ဉာဏ၊ စာရိတ္တမဏ္ဍိုင်တွေ တည့်မတ်အောင်၊ လိမ္မာယဉ်ကျေးအောင်၊ အများအကျိုးသယ်ပိုးတတ်အောင် သင်ကြားပြသပေးခဲ့ကြပါတယ်။

ပညာသင်ယူမှုတိုင်းမှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီက နည်းအမျိုးမျိုးနဲ့ သင်ယူခဲ့ကြရပါတယ်။ ဆရာကို ပါဠိဘာသာနဲ့ အာစရိယလို့ဆိုပါတယ်။ ဆရာဆိုတာ ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူလို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လူတွေဟာ ကျောင်းနေအရွယ်မှာ အတန်းပညာတွေ တတ်မြောက်အောင်သင်ယူကြပါတယ်။ ကျောင်းပညာတွေပြီးမြောက်လို့ အသက်မွေးဝမ်းကျောင်းအလုပ်တွေ လုပ်ကိုင်ကြပြန်တော့လဲ လုပ်ငန်းခွင်ထဲမှာ ကိုယ့်ထက်သိတဲ့၊ တတ်တဲ့ ဆရာသမားတွေဆီက လုပ်ငန်းအတတ်ပညာတွေကို ဆက်လက်သင်ယူကြရပါတယ်။

ဆရာတွေဟာ တပည့်တွေရဲ့အကျိုးကို ဆင်းရဲချမ်းသာမရွေး၊ အချိန်အခါမရွေး၊ ပုဂ္ဂိုလ်စွဲကင်းကင်းနဲ့ သင်ကြားပြသပေးကြပါတယ်။ ဘယ်လိုတပည့်မျိုးမဆို အဖြူအမည်းမခွဲခြားဘဲ ကောင်းအောင်ဖန်တီးပေးကြသူတွေဖြစ်ပါတယ်။ ကျောင်းစာတွေသင်ပေးရုံသာမက စိတ်ပိုင်းရော ကိုယ်အမူအရာတွေကိုပါ လိမ္မာယဉ်ကျေးအောင်၊ အန္တရာယ်တွေမကျရောက်အောင် ကာကွယ်ပေးသူတွေလဲဖြစ်ပါတယ်။

လောကနီတိပျို့မှာ "အလွန်တရာ၊ သစ်ရိပ်မှာလျှင်၊ ချမ်းသာသည်ထက်၊ စုံမက်မြတ်နိုး၊ ဆွေမျိုးမိဘ၊ အရိပ်ရသော်၊ အေးမြသည်ပင်၊ ထို့ထက်လျှင်လည်း၊ ပဲ့ပြင်ဆရာ၊ အရိပ်မှာကား၊ ချမ်းသာပွား၏" လို့ ညွှန်းဆိုပြထားပါတယ်။ တပည့်တွေအပေါ် တစ်သက်တာလုံးအတွက် အေးမြတဲ့အရိပ်ကိုမိုးပေးခဲ့သူတွေဖြစ်ပါတယ်။

အဖိုးတန်ကျောက်ရိုင်းတုံးတစ်တုံးဟာ သဘာဝအတိုင်းထားရုံနဲ့ တန်ဖိုးကိုမသိနိုင်ပါ။ ကျောက်ရိုင်းတုံးကိုဖြတ်ကာ သွေးပြီး အရောင်တင်ပေးလိုက်မှ တန်ဖိုးအနဂ္ဃ ဘယ်လောက်ထိုက်တန်တယ်ဆိုတဲ့ ကျောက်ရဲ့အရည်အသွေးက ပေါ်လာပါတယ်။ အလားတူ ဆရာတွေကလဲ တပည့်တွေရဲ့ဘဝတန်ဖိုးမြင့်မားအောင်အရောင်တင်ပေးသူတွေဖြစ်ပါတယ်။

ခိုးစားတာကိုမဆုံးမခဲ့ရင် နောင်အခါအကျင့်ပါသွားနိုင်ကြောင်း၊ အဲဒီလိုမဖြစ်အောင် သူဆုံးမခဲ့လို့ အခုဘုရင်ဖြစ်ရကြောင်း ရှင်းပြတယ်။ အဲဒီတော့မှ ဘုရင်က ဆရာကြီးရဲ့စေတနာကို နားလည်သွားကာ အသက်ကို ချမ်းသာပေးခဲ့တယ်။ ဆရာဆိုတာ မပစ်မှားသင့်တဲ့ ကျေးဇူးရှင်တွေဖြစ်ပါတယ်။

ဆရာတွေထဲမှာ ဆရာကောင်းဆိုတာ အကျင့်သီလနဲ့ပြည့်စုံပြီး ချစ်မြတ်နိုးဖွယ်ရှိရမယ်။ သမာဓိနဲ့ပြည့်စုံပြီး အလေးဂရုပြုဖွယ်ရာဖြစ်ရမယ်။ ပညာနဲ့ပြီးပြည့်စုံပြီး ချီးမွမ်းဖွယ်ရာဖြစ်ရမယ်။ တပည့်တွေက မသင့်လျော်ပြုမူပြောဆိုတာတွေတွေ့ရင် လျစ်လျူမရှု ကြောင့်ကြပြုပြီး ပြောဆိုဆုံးမနိုင်ရမယ်။ သူတစ်ပါးတို့ပြစ်တင်ပြောဆိုမှုမှန်သမျှကို သည်းခံနိုင်ရမယ်။ နက်နဲတဲ့တရားစကား ပြောကြားနိုင်ရမယ်။

> ❖ **အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တွေဖြစ်တဲ့ မိဘ၊ ဆရာတွေရဲ့ မေတ္တာတရားတွေက ဘယ်သောအခါမှ အဆုံးသတ်မှာမဟုတ်ပါ။ သားသမီး၊ တပည့်တွေရဲ့ဘဝကို အလှဆင်ပေးကြတဲ့ ကြီးမြတ်တဲ့ ကျေးဇူးရှင်တွေဖြစ်ပါတယ်။ သားသမီး တပည့်တွေ ကြီးပွားတိုးတက်နေတာကို ကြားသိမြင်တွေ့ရရင် ပီတိတွေကိုခံစားရင်း ကျေနပ်ဝမ်းသာနေကြသူတွေဖြစ်ပါတယ်။ မိဘနဲ့ ဆရာတွေရဲ့ ကျေးဇူးတွေကို ပြန်မပေးဆပ်နိုင်ရင် စိတ်နဲ့တောင် မပြစ်မှားမိကြဖို့တော့ လိုပါတယ်။ ❖**

တပည့်တွေ မသိတာ၊ မတတ်တာ၊ မလိမ္မာတာတွေကို သိအောင်၊ တတ်အောင်၊ လိမ္မာအောင် ကိုယ်နှုတ်နှလုံးသုံးပါးစလုံးနဲ့ သွန်သင်ပြသပေးကြသူတွေဖြစ်ကြပါတယ်။

အိုးဖုတ်သူဟာ အိုးရဲ့အရည်အသွေးကောင်းအောင် ခပ်နာနာရိုက်ပေးမှ အိုးကောင်းရပါတယ်။ တစ်ခါတစ်ရံမှာ ဆရာတွေဟာ တပည့်တွေကို လမ်းမှားမရောက်ရအောင် ဆုံးမထိန်းကျောင်းလမ်းပြပေးကြပါတယ်။ ဒီလိုဆရာရဲ့ ဆုံးမသွန်သင်မှုတွေခံရတဲ့အခါ ဆရာက အဖိုးတန်တဲ့ရတနာသိုက်ရှိရာကို လမ်းပြပေးနေတာလို့ မှတ်ယူလိုက်နာသူတွေဟာ ဘက်စုံထူးချွန်တဲ့ လူချွန်လူကောင်းတွေအဖြစ် ဘဝကို ရပ်တည်နိုင်ကြပါတယ်။

ဗာရာဏသီမင်းကြီးရဲ့သားတော်ဟာ တက္ကသိုလ်ပညာသင်နေတဲ့အချိန်မှာ အဘွားအိုတစ်ယောက် လှန်းထားတဲ့ နှမ်းတစ်ဆုပ်ကို ခိုးစားမိတာကြောင့် ဆရာကြီးရဲ့ ရိုက်နှက်ဆုံးမမှုကိုခံခဲ့ရပါတယ်။ မင်းသားက ပညာစုံလို့ နေပြည်တော်ကိုပြန်ရောက်တော့ ထီးနန်းလွှဲအပ်ခံရပြီး ဘုရင်ဖြစ်လာပါတယ်။ အဲဒီအချိန်မှာ ဘုရင်က သူ့ကိုရိုက်ခဲ့တဲ့ ဆရာကြီးကိုခေါ်ကာ သတ်ပစ်ဖို့စီစဉ်တော့ ဆရာကြီးက ပြောပြတယ်။ အဲဒီတုန်းက မုန်းလို့ရိုက်တာမဟုတ်ကြောင်း၊

တပည့်တွေကို မသင့်လျော်မလျောက်ပတ်တဲ့အရာတွေမှာမခိုင်းစေရဆိုပြီး အင်္ဂုတ္တရနိကာယသတ္တနိပါတ်ဒေသနာဝဂ်မှာဖော်ပြထားပါတယ်။ ဒီလိုအင်္ဂါရပ်တွေနဲ့ပြည့်စုံတဲ့ ဆရာကောင်းတွေရဲ့ သွန်သင်ဆုံးမမှုအောက်မှာ တပည့်ဖြစ်ခဲ့သူတွေရဲ့ဘဝဟာ ကြီးပွားတိုးတက်အောင်မြင်သူတွေဖြစ်ကြပါတယ်။

တစ်ခါက လူငယ်လေးတစ်ယောက်ဟာ ရေစပ်မှာထိုင်နေရင်း ဖျိုင်းတစ်ကောင်က ဖမ်းမိတဲ့ငါးကို ချက်ချင်းမစားဘဲ အပေါ်ကိုမြှောက်လိုက်ပြီးမှ ပြန်ဖမ်းပြီးစားတာကို မြင်လိုက်ရတယ်။ ဒီလိုမြင်ရတာကို သဘောကျပြီး သူကလဲ ကျူရိုးလေးတွေ၊ တုတ်ချောင်းလေးတွေနဲ့ ဖျိုင်းလုပ်သလို လိုက်လုပ်ကြည့်တယ်။ အဲဒီနောက်ကျွမ်းကျင်သွားတော့ အသွားထက်တဲ့ ဓားတွေ၊ လှံတွေကို အပေါ်မြှောက်ပြီး ပါးစပ်နဲ့ပြန်ဖမ်းတာရသွားတော့ အရပ်တကာလှည့်ပြီး အခကြေးငွေယူကာ ဝမ်းစာရှာတယ်။ ဒီသတင်းကို ပြည့်ရှင်မင်းကြီးကကြားသိတော့ နန်းတွင်းကိုခေါ်ပြီး ပြသစေတယ်။ ဘုရင်ကြီးကလဲ သဘောကျတော့ ဆုတော်ငွေချပြီး လူငယ်ကို ဒီအတတ်ပညာ ဘယ်သူ့ဆီက သင်ခဲ့သလဲလို့မေးတယ်။ တိရစ္ဆာန်ဖြစ်တဲ့ ဖျိုင်းတစ်ကောင်ဆီက ပညာရခဲ့တာပါလို့ပြောရင် သိက္ခာကျမှာစိုးတော့ ဆရာမရှိပါဘူးလို့ ပြန်ဖြေသတဲ့။

ဆရာ့ကျေးဇူးကို မဖော်ပြရဲတဲ့ လူငယ်လေးဟာ နောက်တစ်ကြိမ် လှံကိုမြှောက်ပြီး ပြန်ဖမ်းပြတဲ့အချိန်မှာ လှံသွားကို သွားနဲ့မဖမ်းမိတော့ဘဲ အာခေါင်ကို လှံစူးပြီး သေပွဲဝင်ခဲ့ရသတဲ့။ ဆရာတွေရဲ့ကျေးဇူးကို မဆပ်လို့ရပေမဲ့ ဆရာကို မထေမဲ့မြင်ပြုတာတို့၊ ပြစ်မှားစော်ကားတာတို့မလုပ်မိဖို့ လိုပါတယ်။

မိဘဆိုတာ သားသမီးဘဝကိုဖြတ်သန်းလာခဲ့ကြတယ်။ ဆရာဆိုတာလဲ တပည့်ဘဝကို ဖြတ်သန်းလာခဲ့ကြတယ်။ ဒါကြောင့် သားသမီးတွေ၊ တပည့်တွေရဲ့ ဘဝအခြေအနေကို နားလည်ပါတယ်။ လက်ဦးဆရာဖြစ်တဲ့ မိဘတွေရော၊ ဆရာပီသတဲ့ ဆရာကောင်းတွေပါ တပည့်တွေအပေါ်မှာ ဒုက္ခဆင်းရဲဖြစ်စေမဲ့ ကိစ္စမှန်သမျှကို ဘယ်လိုနည်းနဲ့မှ သင်ကြားမှုမပြုကြပါ။

မြေအိုးတစ်လုံးကို မီးမဖုတ်ခင်က ရေးခြစ်ပုံဖော်လိုက်တဲ့ အမှတ်အသား၊ အရေးအကြောင်းတွေဟာ အိုးဖုတ်ပြီးရင် ရေးခြစ်ထားတဲ့အတိုင်း ပုံပေါ်နေပါတယ်။ တကယ်လို့ မြေအိုးက အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားတောင်မှ အမှတ်အသား၊ အရေးအကြောင်းတွေက အိုးကွဲပေါ်မှာ စွဲထင်ကျန်နေရစ်တတ်ပါတယ်။ ဒီဥပမာလိုပဲ မိဘ၊ ဆရာကောင်းတွေရဲ့ သွန်သင်ထိန်းကျောင်းမှုအောက်က တပည့်သားသမီးတွေဟာ ဘဝရပ်တည်မှုမှာ ခိုင်ခိုင်မြဲမြဲရပ်တည်နိုင်ကြပါတယ်။

လူတိုင်းမှာ ဘဝရပ်တည်မှုအတွက် ကြိုးစားရုန်းကန်ကြရင်း အခက်အခဲဆိုတာ တစ်ခုမဟုတ်တစ်ခုကြုံတွေ့ကြရပါတယ်။ အခက်အခဲဆိုတာ လူတစ်ယောက်ရဲ့အစွမ်းအစ၊ လူတစ်ယောက်ရဲ့အရည်အချင်းကို မှတ်ကျောက်တင်ခံရတာမို့ မှတ်ကျောက်တင်ခံနိုင်တဲ့အရည်အချင်း၊ အရည်အသွေးကောင်းတွေ ပိုင်ဆိုင်ကြဖို့ ကိုယ်တိုင်ကြိုးစားအားထုတ်ကြရသလို မိဘနဲ့ ဆရာတွေရဲ့ သွန်သင်ဆုံးမမှုတွေကလဲ ဘဝအတွက် အများကြီးအထောက်အကူတွေရပါတယ်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တွေဖြစ်တဲ့ မိဘ၊ ဆရာတွေရဲ့ မေတ္တာတရားတွေက ဘယ်သောအခါမှ အဆုံးသတ်မှာမဟုတ်ပါ။ သားသမီး၊ တပည့်တွေရဲ့ဘဝကို အလှဆင်ပေးကြတဲ့ ကြီးမြတ်တဲ့ ကျေးဇူးရှင်တွေဖြစ်ပါတယ်။ သားသမီး၊ တပည့်တွေ ကြီးပွားတိုးတက်နေတာကို ကြားသိမြင်တွေ့ရရင် ပီတိတွေကိုခံစားရင်း ကျေနပ်ဝမ်းသာနေကြသူတွေဖြစ်ပါတယ်။ မိဘနဲ့ ဆရာတွေရဲ့ ကျေးဇူးတွေကို ပြန်မပေးဆပ်နိုင်ရင် စိတ်နဲ့တောင် မပြစ်မှားမိကြဖို့တော့ လိုပါတယ်။ ဒါကြောင့် ကိုယ့်ဘဝ၊ ကိုယ့်လုပ်ငန်းတွေ အောင်မြင်တိုးတက်မှု ခံစားနေရသမျှ မိဘနဲ့ ဆရာတွေရဲ့ ကျေးဇူးတရားကို သတိရနေဖို့နဲ့ အခါအခွင့်သင့်ရင် ကျေးဇူးဆပ်ကြဖို့ ဖော်ပြလိုက်ရပါတယ်။

**ကိုးကား**

- **ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ၏ ဆရာနှင့်တပည့် အကြောင်း တရားတော်**
- **နေ့စဉ်ထုတ်သတင်းစာများ**

# ပူတာအိုမြို့နယ် မကျော့ဝေါ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပူတာအို စက်တင်ဘာ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မာမူးလဲ့ကျေးရွာအုပ်စု မကျော့ဝေါ့ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကျော့ဝေါ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၃၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၈ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆက်လူ**

# လာအိုနိုင်ငံတွင် မဲခေါင်မြစ်ရေမြင့်တက်လာသဖြင့် မြစ်အနီးနေထိုင်သူများကို သတိပြုနေထိုင်ကြရန် သတိပေးချက်ထုတ်ပြန်



**ဗီယင်ကျန်း စက်တင်ဘာ ၁**

လာအိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မဲခေါင်မြစ်ရေမြင့်တက်လာမှုအပေါ် အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိပြီး မြစ်ချောင်းများအနီး နေထိုင်သူများကို သတိပြုနေထိုင်ကြရန် မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

လာအိုနိုင်ငံတွင် ယခုသီတင်းပတ်ကုန်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်လျက်ရှိရာ မဲခေါင်မြစ်ရေမြင့်တက်လာခဲ့သဖြင့် နိုင်ငံအတွင်းရှိ မဲခေါင်မြစ်နှင့် ၎င်း၏မြစ်လက်တက်များကို သက်ဆိုင်ရာက အဓိကစောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကာ မြစ်များအနီးတွင် နေထိုင်ကြသူများကို သတိပြုနေထိုင်ကြရန် သက်ဆိုင်ရာက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့အနီးရှိ မဲခေါင်မြစ်အပိုင်းရှိ မြစ်ရေမျက်နှာပြင်သည် ဩဂုတ် ၃၀ ရက်မှစ၍သတိပေးချက်အဆင့် ထက်ကျော်လွန်ကာ ၁၁ ဒသမ ၈ မီတာတွင် ရောက်ရှိခဲ့ပြီး ယခုအခါ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၅ မီတာသို့ရောက်ရှိလာကာ မြစ်ကမ်းများတွင်နေထိုင်သူများအနေဖြင့် ရေနစ်မြုပ်မည့်အန္တရာယ်ဖြင့် ပိုမိုနီးကပ်လာကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ထုတ်ပြန်သော သတင်းများအရ သိရသည်။

လာအိုနိုင်ငံတွင် အပူပိုင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဇူလိုင် ၁၈ ရက်မှ ဩဂုတ် ၂၂ ရက်ထိ နိုင်ငံနေရာအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လူဦးရေ ၃၆၂၀၀ ကျော် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : AZH

# နမီးဘီးယားနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် တောရိုင်းတိရစ္ဆာန်များ အစာအာဟာရပြတ်လပ်ကာ သေဆုံးမှုနှုန်း မြင့်တက်လျက်ရှိ

**ဝင်းဟုတ် စက်တင်ဘာ ၁**

နမီးဘီးယားနိုင်ငံတွင် မိုးခေါင်ရေရှားမှုပြဿနာဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး မိုးခေါင်ရေရှားမှုကြောင့် တောရိုင်းတိရစ္ဆာန်များ စားကျက်အခက်အခဲများရှိနေပြီး အစာအာဟာရပြတ်လပ်ကာ သေဆုံးမှုနှုန်း မြင့်တက်လျက်ရှိကြောင်း Elephant-Human Relations Aid(EHRA)အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

အယ်နီညိုရာသီဥတုရိုက်ခတ်မှုကြောင့် ရေထုအရင်းအမြစ်ခန်းခြောက်နေပြီး သောက်သုံးရေမရသဖြင့် တောရိုင်းတိရစ္ဆာန်များကို မလိုလားအပ်သော ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း နမီးဘီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

မိုးခေါင်ရေရှားမှုကြောင့် နယ်မြေတချို့တွင်လည်း ဒေသခံများနှင့် တောရိုင်းတိရစ္ဆာန်များ စားနပ်ရိက္ခာလုံခြုံမှုမရှိတော့သည့်အတွက် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရပြီး ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။

စားကျက်ရှားပါးကာ သေဆုံးလုနီးပါးဖြစ်နေသည့် တောရိုင်းတိရစ္ဆာန်တချို့ကို အစိုးရအစီအစဉ်ဖြင့် အသားထုတ်လုပ်ရေးလုပ်ငန်းများအတွက်အသုံးပြုနေပြီး သောက်သုံးရေနှင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ခြင်း မရှိသည့်အတွက်ကြောင့် အသားထုတ်လုပ်မှုအတွက် အသုံးပြုရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း နမီးဘီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



အဆိုပါအစီအစဉ်မှာ ခဏတာ အဆင်ပြေနိုင်သော်လည်း အသားထုတ်လုပ်ရေးအတွက် အသုံးပြုသောအကောင်ရေ မြင့်မားလာပါက တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်လာရနိုင်သည့်အတွက် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမီးဘီးယားအာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ထိုင်းအစိုးရက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံကိန်းများအတွက် ဘတ်ငွေ ၂၀၀ ဘီလီယံထိ ခွင့်ပြုပေးသွားမည်

**ဗန်ကောက် စက်တင်ဘာ ၁**

ထိုင်းနိုင်ငံတွင် မိုးရာသီရောက်တိုင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသဖြင့် ထိုင်းအစိုးရက ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ စီမံကိန်းများအတွက် ရန်ပုံငွေအဖြစ် ဘတ်၂၀၀ ဘီလီယံထိ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံမြောက်ဘက်ပိုင်းရှိ ယွမ်မြစ်ဝှမ်းသည် မိုးရာသီရောက်တိုင်း မြစ်ရေလျှံတက်မှုဖြစ်ပွားပြီး ယွမ်မြစ်ကြောင်း တစ်လျှောက်တွင်တည်ရှိသော ဒေသများ၌ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်အတွက် ယွမ်မြစ်ကြောင်း တစ်လျှောက် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သော ဧရိယာများတွင် ရေဘေးအန္တရာယ် ကာကွယ်ရေး စီမံကိန်းများ တည်ဆောက်သွားရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း သိရသည်။

"ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံကိန်းအတွက် ဘတ်ဂျက်ခွင့်ပြုသွားဖို့ အစိုးရအဖွဲ့က သဘောတူညီမှုရရှိထားပြီးဖြစ်ပါတယ်။ ယွမ်မြစ်ဝှမ်းတစ်လျှောက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံကိန်းတွေ တည်ဆောက်သွားဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ အမြန်ဆုံးဆောင်ရွက်သွားမယ်" ဟု ယာယီဒုတိယဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေသူ စီးပွားကူးသန်းဝန်ကြီး ဝီချာယာချိုင်က ပြောကြားခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# ဥရောပတွင် ငှက်များမျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရေး သိပ္ပံပညာရှင်များက ရွှေ့ပြောင်းလမ်းကြောင်း ရှာဖွေပေးလျက်ရှိ

**လန်ဒန် စက်တင်ဘာ ၁**

ဥရောပတွင် ငှက်များမျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရေးအတွက် ဗြိတိန် သိပ္ပံပညာရှင်များသည် လေဟုန်စီး အပေါ့စားယာဉ်များအသုံးပြု၍ ရွှေ့ပြောင်းလမ်းကြောင်းရှာဖွေပေးလျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဥရောပအလယ်ပိုင်းတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရွှေ့ပြောင်းငှက်များသည် ရွှေ့ပြောင်းရာသီတွင် ၎င်းတို့ရွှေ့ပြောင်းရာ သြစတြီးယားမှ စပိန်လမ်းကြောင်းများသည် ယခုအခါ ရာသီဥတု ဖောက်ပြန်မှုများကြောင့် ရွှေ့ပြောင်းရာလမ်းကြောင်းများ ပျောက်ဆုံးသဖြင့် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"မျိုးသုဉ်းလုနီးပါး ဖြစ်နေတဲ့ ရွှေ့ပြောင်းငှက်အုပ်မှာ ငှက် ၃၆ ကောင်ပါပါတယ်။ အဲဒီငှက်တွေဟာ ကီလိုမီတာ ၁၇၄၀ ကနေ၂၅၀၀ လောက်ကွာဝေးတဲ့ သြစတြီးယားကနေ စပိန်ကို ရွှေ့ပြောင်းကျက်စားမှာပါ။ အခုလို ရွှေ့ပြောင်းမဲ့လမ်းကြောင်းပျောက်နေတဲ့ ငှက်တွေဟာ မိုင်ထောင်ချီခရီးနှင်တဲ့အခါ လမ်းကြောင်းပျောက်နေတာက အမောဖောက်ပြီး သေဆုံးမှုကို ဖြစ်စေတာကြောင့် ကျွန်တော်တို့က အပေါ့စားလေယာဉ်တွေသုံးပြီး သူတို့ကို ထိန်းကျောင်းပေးနေတာဖြစ်ပါတယ်။ ရွှေ့ပြောင်းငှက်တွေ လိုရာခရီးရောက်ဖို့ ရက်ပေါင်း ၅၀လောက် ကြာမြင့်နိုင်ပါတယ်"ဟု ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားထားသည်။

အဆိုပါ ရွှေ့ပြောင်းငှက်မျိုးစိတ်များသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရှားပါးလာမှုမှ ကာကွယ်နိုင်ရေးအတွက် သိပ္ပံပညာရှင်များသည် လေဟုန်စီးယာဉ်များအသုံးပြု၍ ငှက်များကို ရွှေ့ပြောင်းလမ်းကြောင်းရှာဖွေခြင်းများကိုသင်ကြားပေးလျက်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

ရာသီဥတုအကျပ်အတည်းက ငှက်များ၏ရွှေ့ပြောင်းနေထိုင်မှုကို ပိုမိုစိန်ခေါ်မှုဖြစ်စေပြီး လူသားများသည် မျိုးသုဉ်းလုနီးပါးငှက်များကို ကာကွယ်ရေးအတွက် ၂၀၀၂ ခုနှစ်ကစ၍ ယခုစီမံကိန်းကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# သြစတြေးလျတွင် ရာသီဥတုဆိုးရွားခြင်းကြောင့် လူဦးရေ ၃၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်နေ

**ကင်ဘာရာ စက်တင်ဘာ ၁**

သြစတြေးလျနိုင်ငံ တက်စ်မေးနီးယားပြည်နယ်တွင် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် လူဦးရေ ၃၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

တက်စ်မေးနီးယားပြည်နယ်တွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများ အပါအဝင် ပြင်းထန်သော ရာသီဥတုအခြေအနေများ ရက်အတော်ကြာ ဖြစ်ပေါ်လျက်ရှိရာ ဓာတ်အားလိုင်းများ ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ လာမည့်ရက်များအတွင်း ကျွန်း၏မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ရာသီဥတုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။

"ပြည်နယ်တစ်ခုလုံးမှာ လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုတွေဖြစ်ပေါ်နေတဲ့အတွက် ပျက်စီးမှုတွေဖြစ်ပေါ်နေပါတယ်။ ၂၄နာရီအတွင်း အကူအညီတောင်းခံမှုပေါင်း ၃၃၀ လောက်ကို လက်ခံရရှိထားပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေရပါတယ်"ဟု အရေးပေါ်ဝန်ဆောင်မှုဌာနမှ အမှုဆောင်ဒါရိုက်တာ မစ်လိုဝီက ပြောကြားခဲ့သည်။

လေပြင်း တိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် ပြည်နယ်တောင်ပိုင်းရှိနယူးနော့ဖလော့မြို့နှင့် အနီးဝန်းကျင်ဒေသများ၌ နေထိုင်သူများကို ဘေးလွတ်ရာနေရာများတွင် သွားရောက်နေထိုင်ကြရန်၊ အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန် အရေးပေါ်ဝန်ဆောင်မှုဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သတိပြုနေထိုင်ရမည့် ဒေသများမှာ မက်ဒိုဗန်၊ ဂလီနိုရာ၊ ဘူရှီပတ်ခ်၊ ဂရိုနာနှင့် မက်ကွာရီပလိန်းမြို့အနီးဝန်းကျင်ဒေသများဖြစ်ပြီး အဆိုပါဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : AZH

# ဆီစားလို့ အသားမဖြစ် ဆီစားများလျှင် ဘေးဖြစ်

ပြည်တွင်းစားသုံးဆီဈေးကွက်တွင် မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းသီးဟင်းရွက်ဆီနှင့် စားအုန်းဆီများ ဈေးနှုန်းမြင့်တက်နေမှုကိုအကြောင်းပြု၍ ကြော်ပြီးသားဆီများဖြစ်ကြသည့် အာလူးကြော်ဆီ၊ ကြက်ကြော်ဆီနှင့် အခြားအသုံးပြုပြီးဖြစ်သည့် ဆီအမျိုးမျိုးကိုဝယ်ယူ၍ ပြန်လည်သန့်စင်ကာတစ်ဆင့်ရောင်းချမှုများရှိနေသည်။ ယခုအခါ စားအုန်းဆီနှင့် ပဲဆီ သီးသန့်ရောင်းချသည့် ဈေးကွက်များ၊ စားအုန်းဆီနှင့် ဝါစေ့ဆီ၊ လဲမှို့ဆီရောနှောပြီး ဓာတုရနံ့ထည့်သွင်းကာ ပဲဆီ၊ နှမ်းဆီဟုပြောဆိုရောင်းချသည့် ဈေးကွက်များနှင့် ပြန်ကြော်ဆီဈေးကွက်များရှိနေကြောင်း လေ့လာသိရသည်။

စားသုံးဆီများကို ယေဘုယျအားဖြင့် သင့်တင့်စွာစားသုံးနိုင်သောမပြည့်ဝဆီများ (Unsaturated Fats)၊ (ဥပမာမြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသောအဆီများ) သတိပြုရန်မှာတချို့အရည်အသွေးမမီသောမြေပဲဆီတွင် မှိုရှိတတ်သည်။ ထို့ကြောင့် မြေပဲဆီသုံးသူများက အနံ့အရသာကောင်းသည့် အရည်အသွေးပြည့်မီ မြေပဲဆီမျိုးကို ရွေးချယ်သုံးစွဲရမည်ဖြစ်သည်။

တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သော ပြည့်ဝဆီများ (Saturated Fats)၊ (ဥပမာစားအုန်းဆီ၊ စားအုန်းဆီရောနှောဆီများ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)၊ လုံးဝစားသုံးရန်မသင့်သော ပြန်ကြော်ဆီများ သို့မဟုတ် အသွင်ပြောင်းဆီများ (Trans Fats)၊ (ဥပမာအသင့်စားအစားအစာများဖြစ်ကြသည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ပေါင်မုန့် စသည်တို့တွင် ပါဝင်သည့်ဆီ)ဟူ၍ အထက်ပါအတိုင်း သုံးမျိုးသုံးစားခွဲခြားသတ်မှတ်ထားပါသည်။ ၎င်းတို့အနက် ပြန်ကြော်ဆီများ သို့မဟုတ် အသွင်ပြောင်းဆီများက ခန္ဓာကိုယ်၏ ကျန်းမာရေးကို လွန်စွာထိခိုက်စေပါသည်။

**အသက်အရွယ်အုပ်စုအလိုက် စားသုံးသင့်သော ဆီပမာဏ**

စားသုံးဆီမှ လူသားတို့ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်နေသော အင်အားဓာတ်တစ်မျိုးဖြစ်သည့် စွမ်းအင်ကို ပေးစွမ်းနိုင်ပါသည်။ စားသုံးဆီကိုတစ်ဂရမ် စားသုံးပြီးတိုင်း အင်အားဓာတ် ကိုးဂရမ်ရရှိစေပြီး ထိုရရှိလာသောစွမ်းအင်ကို လူသားတို့ နေ့စဉ်လှုပ်ရှားသွားလာမှုများတွင် ပြန်လည်အသုံးချသည်။ ထို့ကြောင့် စားသုံးဆီသည် လူသားတို့အတွက် အင်အားဖြစ်စေသော အစာအုပ်စုဝင် တစ်မျိုးဖြစ်ပါသည်။

အသက်အရွယ်အုပ်စုအလိုက် တစ်နေ့တာအတွင်းအနည်းဆုံးလိုအပ်သောစားသုံးဆီပမာဏကို အောက်ပါအတိုင်းအကြံပြုလိုပါသည်။

တစ်နှစ်မှ သုံးနှစ် အသက်အရွယ်အုပ်စုအတွက် တစ်နေ့တာလိုအပ်သော စားသုံးဆီပမာဏမှာ ၁ ဒသမ ၂၅ ကျပ်သား၊ လေးနှစ်မှ ခြောက်နှစ် အသက်အရွယ်အုပ်စုအတွက် တစ်နေ့တာလိုအပ်သောစားသုံးဆီပမာဏမှာ ၁ ဒသမ ၅ ကျပ်သား၊ ခုနစ်နှစ်မှ ကိုးနှစ် အသက်အရွယ်အုပ်စုအတွက် တစ်နေ့တာလိုအပ်သောစားသုံးဆီပမာဏမှာ နှစ်ကျပ်သား၊ ၁၀ နှစ်မှ ၁၂ နှစ် အသက်အရွယ်အုပ်စုအတွက် တစ်နေ့တာလိုအပ်သောစားသုံးဆီပမာဏမှာ ၂ ကျပ်သား၊ ၁၃ နှစ်မှ ၁၉ နှစ် အသက်အရွယ်အုပ်စုအတွက် တစ်နေ့တာလိုအပ်သော စားသုံးဆီပမာဏမှာ ၃ ဒသမ ၅ ကျပ်သား၊ အမျိုးသား (လူကြီး)အတွက် တစ်နေ့တာလိုအပ်သော စားသုံးဆီပမာဏမှာ နှစ်ကျပ်သား၊ အမျိုးသမီး (လူကြီး) အတွက် တစ်နေ့တာလိုအပ်သော စားသုံးဆီပမာဏမှာ ၁ ဒသမ ၅ ကျပ်သား၊ ကိုယ်ဝန်ဆောင် အမျိုးသမီးအတွက် တစ်နေ့တာလိုအပ်သော စားသုံးဆီပမာဏမှာ နှစ်ကျပ်သား၊ နို့တိုက်မိခင်အတွက် တစ်နေ့တာလိုအပ်သော စားသုံးဆီပမာဏမှာ နှစ်ကျပ်သားတို့ဖြစ်ပါသည်။

**ဆီစားများခြင်း၏ ကျန်းမာရေးဆိုးကျိုးအမျိုးမျိုး**

အထက်တွင် ဖော်ပြထားသည့် အသက်အရွယ်အုပ်စုအလိုက် တစ်နေ့တာစားသုံးသင့်သော ဆီပမာဏထက် ပိုမိုစားသုံးမိလျှင်ဖြစ်စေ၊ အရည်အသွေးမပြည့်မီသည့် ဆီအမျိုးမျိုးတို့ကိုဖြစ်စေ စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေသည်။ ထိုအခါ ကိုယ်အလေးချိန်တိုးလာသည်နှင့် အမျှ အဝလွန်လာကာ နောက်ဆက်တွဲဆိုးကျိုးများ



အဖြစ် သွေးကြောနံရံတွင် အဆီများတွယ်ကပ်၍ သွေးကြောများ ကျဉ်းမြောင်းလာကာ နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်ပွားခြင်း၊ သွေးတွင်းဆီများ ပိုမိုတက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓာတ် ကိုလက်စထရောကျစေခြင်း၊ အမျိုးအစား-၂ ဆီးချိုရောဂါဖြစ်ပွားခြင်း၊ လေးဖက်နာရောဂါ၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ အဆစ်ရောင်ခြင်း၊ ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း၊ အသည်းအဆီဖုံးခြင်း စသည့်မကူးစက်နိုင်သော နာတာရှည်ရောဂါဆိုးအမျိုးမျိုးတို့ကို ဖြစ်ပေါ်ခံစားရနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကလည်း ပြန်ကြော်ဆီ သို့မဟုတ် အသွင်ပြောင်းဆီများစားသုံးမှုသည် နှလုံးသွေးကြောနှင့် နှလုံးရောဂါများဖြစ်နိုင်ခြေလေးဆမျှ ပိုများလာနိုင်ကြောင်း၊ ပြန်ကြော်ဆီများကို ထုပ်ပိုးထားသောအစားအစာများ၊ မီးကင်(မီးဖုတ်)ထားသောပစ္စည်းများ၊ ဟင်းချက်ဆီများနှင့် လမ်းဘေးအစားအစာများတွင် တွေ့ရှိနေရပြီး ၎င်းဆီများကို စားသုံးမှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ် နှလုံးသွေးကြောကျဉ်းရောဂါဖြင့် အရွယ်မတိုင်မီသေဆုံးမှုငါးသိန်းထိ ဖြစ်ပွားနေကြောင်း သတိပေးထားသည်။

**ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိ**

၂၀၁၉ ခုနှစ်က ကျင်းပသော ၄၇ ကြိမ်မြောက် မြန်မာနိုင်ငံဆေးသုတေသနညီလာခံတွင် တင်သွင်းခဲ့သည့် သုတေသနစာတမ်းတစ်စောင်တွင် ဈေးကွက်အတွင်း ရောင်းချနေသောစားသုံးဆီများ အရည်အသွေးကို ဓာတ်ခွဲစစ်ဆေးရာ ပဲဆီအများစုမှာ စားအုန်းဆီများရောနှောနေကြောင်း၊ ပဲဆီအများစုသည် တံဆိပ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စားအုန်းဆီများရောနှောထားကြောင်း စစ်ဆေးတွေ့ရှိရပြီး နေကြာဆီနှင့် ပဲပိစပ်ဆီများမှာ အရောအနှောမပါဝင်ကြောင်း ဖော်ပြထားသည်။

ထိုစစ်တမ်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နာမည်ကြီးဈေးကြီးများအနက် ဈေးကြီးစုစုပေါင်း ဈေးလေးခုမှ တံဆိပ်ကပ်ထားသောပဲဆီ၊ တံဆိပ်မပါသောပဲဆီ၊ စားအုန်းဆီ၊ အကြော်ခံဆီ၊ တံဆိပ်ကပ်ထားသောနေကြာဆီနှင့် ပဲပိစပ်ဆီ စသည့်ဆီအမျိုးအစားခြောက်မျိုးတို့၏ နမူနာစုစုပေါင်း ၉၆ ခုကိုကောက်ယူ၍ စစ်ဆေးခဲ့ခြင်းဖြစ်သည်။ သို့သော် စားသုံးသူအများစုမှာ ရွေးချယ်ဝယ်ယူရန် ခက်ခဲမှု၊ မသိနားမလည်မှုတို့ကြောင့် ၎င်းဆီများကိုပင် မျက်စိမှိတ်၍ ဝယ်ယူစားသုံးနေကြရသည်။

**ကျန်းမာရေးနှင့်ညီညွတ်သော အဆီ နှစ်မျိုး**

အလျဉ်းသင့်၍ စာရေးသူသည် ကျန်းမာရေးကို လွန်စွာကောင်းကျိုးပြုသည့် သစ်ပင်မှရသောထူးထူးခြားခြား အဆီနှစ်မျိုးအကြောင်းကို အောက်ပါအတိုင်းကျန်းမာသုတအနေဖြင့် အသိပေးလိုပါသည်။

ထောပတ်သီးထဲတွင် လူသားအကျိုးပြု မိုနိုနှင့် ပေါ်လီမပြည့်ဝဆီတို့ မြောက်မြားစွာပါရှိနေကြ၍ နှလုံးကျန်းမာရေးအတွက် ကောင်းကျိုးပြုသည်။ သွေးထဲရှိ ကိုလက်စထရောများနှင့် မကောင်းသော အဆီထရိုင်ဂရစ္စရိုဒ်ပမာဏတို့ကို သိသိသာသာ ကျဆင်းစေပါသည်။ ထို့ပြင် ၎င်းမပြည့်ဝဆီ (Unsaturated Fats) များကဦးနှောက်လုပ်ဆောင်ရည်၊ စိတ်ကျရောဂါ၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဝေဝါးခြင်း စသည့်အခြေအနေများကို တိုးတက်ကောင်းမွန်စေပါသည်။ နှိုင်းယှဉ်ကြည့်ရာ၌ ဂလူးကိုစ့်ထက်ထောပတ်သီးမှရသောမပြည့်ဝဆီများက လူတို့၏ဦးနှောက်အတွက် သာလွန်ကောင်းမွန်စေပြီး ထောပတ်သီးကို အခြားအစားအစာများနှင့်တွဲစားခြင်း သို့မဟုတ် ထောပတ်သီးမစားမီနှင့် ထောပတ်သီးစားပြီးနောက် အခြားအစားအစာများကို ချက်ချင်းဆိုသလိုစားသောက်မိသောအခါတွင်လည်း ကျန်းမာရေးအတွက် ဘေးမဖြစ်စေဘဲ ထောပတ်သီးအစွမ်းကြောင့် ၎င်းနှင့်တွဲဖက်စားသောက်မိသော အစားအစာများတွင်ပါရှိသည့် အာဟာရများကို ခန္ဓာကိုယ်က ကောင်းစွာစုပ်ယူနိုင်သည်။ ထို့ကြောင့် ထမင်းစားပြီးပြီးချင်း အချိုပွဲအဖြစ် မပြည့်ဝဆီ ကြွယ်ဝသော ထောပတ်သီးစားသင့်ပါသည်။

သံလွင်ဆီကဗီတာမင်အီးကြွယ်ဝပြီး မိုနိုမပြည့်ဝဆီများ၊ အိုမီဂါ-၃ အဆီအက်စစ်များအတွက် အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။ သံလွင်ဆီကသွေးထဲရှိမကောင်းသောအဆီတစ်မျိုးဖြစ်သည့် ထရိုင်ဂရစ္စရိုဒ်နှင့် မကောင်းသောကိုလက်စထရောတို့၏ ပမာဏကိုချပေးသည်။ သွေးဥမွှားများကိုစုခဲစေးကပ်ခြင်းနည်းစေသည့်အတွက် နှလုံးတိုက်ခိုက်ခံရခြင်း သို့မဟုတ် နှလုံးသွေးကြောပိတ်သေဆုံးခြင်း (Heart Attack) နှင့် ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းအန္တရာယ်တို့ဖြစ်ပေါ်မှုအလားအလာကိုလျှော့ပါးစေသည်။ သံလွင်ဆီကကိုယ်တွင်းအင်္ဂါများကို ကာကွယ်ပေးနိုင်ပြီး အထူးသဖြင့် သရက်ရွက်နှင့် အသည်းတို့ကို အထူးကောင်းကျိုးပြုသည်။ ထို့ပြင် သံလွင်ဆီထဲတွင် အဓိကပါဝင်သော Oleic ခေါ် ဖက်တီးအက်စစ်တစ်မျိုးက အာဟာရဓာတ်အုပ်စုဝင် အက်စစ်တစ်မျိုးဖြစ်၍ ဦးနှောက်ကင်ဆာမဖြစ်အောင် တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်ပါသည်။ သို့ပါ၍ လူကြီး၊ လူငယ် အရွယ်အားလုံးအတွက် ဆေးဖက်ဝင်သံလွင်ဆီကို အလေ့အကျင့်ကောင်းတစ်ခုပြုကာ စားသုံးသင့်ပါသည်။

**အဆီဖြေဆေး**

ဆီကြော်အစားအစာများနှင့် အထက်ဖော်ပြပါ ပြည့်ဝဆီများ (Saturated Fats) နှင့် ပြန်ကြော်ဆီများ သို့မဟုတ် အသွင်ပြောင်းဆီများ (Trans Fats) မကြာခဏစားသုံးသူများအနေဖြင့် အဆီဖြေဆေးလိုအပ်သည်။ အောက်ဖော်ပြပါ သဘာဝသစ်သီးဝလံများနှင့် သစ်ဥ၊ သစ်ဖုများက အဆီဖြေဆေးသဖွယ် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ပါသည်။

ကညွတ်၊ ထောပတ်သီး၊ ပန်းဂေါ်ဖီစိမ်း၊ သစ်ကြံပိုးခေါက်၊ လျှော်ပင်စေ့၊ လက်ဖက်စိမ်း၊ လိမ္မော်သီး၊ တည်သီး၊ တလည်းသီး၊ ဟင်းနုနယ်ရွက်၊ စိမ်းပြာရေညှိ၊ နနွင်း၊ ဖရဲသီး၊ ကောက်နှံများစားပေးပါ။

နံနက်စာစားပြီးနောက် ချဉ်စော်ကားသီးအခြောက် သုံးဖတ် သို့မဟုတ် လေးဖတ်ခန့်ကို ရေနွေးဆူဆူ တစ်ခွက်ထဲထည့်သောက်ပါ။ အသီးခြောက်ပျော့ပြဲသွားသည်ထိ ရေနွေးထပ်ဖြည့်ကာ ရေဆာတိုင်းသောက်နိုင်ပါသည် (နောက်ဆုံးမှာ အသီးခြောက်ကိုဝါးစားပါ) ထိုသို့ သောက်ပေးခြင်းဖြင့် သွေးထဲရှိအဆီများ၊ မကောင်းသော ကိုလက်စထရောများ ကျဆင်းစေပြီး သွေးတိုးရောဂါရှိသူများ၊ နှလုံးအဆီပိတ်သူများ၊ အသည်းရောဂါဝေဒနာရှင်များနှင့် ခန္ဓာကိုယ်တွင်း အဆီများသူများကို ကောင်းကျိုးပြုသည်။ သွေးလည်ပတ်မှု အားကောင်းစေသည်။

ဝဥက ကိုယ်တွင်းအဆီများကို သိသိသာသာကျဆင်းစေသည်။ ဝဥသုပ်၊ ဝဥဖြင့်ပြုလုပ်ထားသော ခေါက်ဆွဲ၊ ဝဥဟင်းချိုသောက်ပါ။

မင်းကွတ်သီးစားပါ။ သွေးထဲရှိအဆီများကို ကျစေပါသည်။ မည်သို့ပင်ဖြစ်စေ ဆီစားသုံးမှုလွန်ကဲခြင်းသည် လူတစ်ဦးချင်းစီ၏ ရေရှည်ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ နောက်ဆက်တွဲကျန်းမာရေးပြဿနာများကြောင့် ဘဝနေထိုင်မှု အရည်အသွေးကိုနိမ့်ကျစေပြီး ကျန်းမာရေးစောင့်ရှောက်မှု စရိတ်များကြောင့် လူမှုစီးပွားဘဝကို ထိခိုက်စေပါသည်။ သို့ပါ၍ နေ့စဉ်ဘဝမှာ စားသုံးဆီများကိုအတတ်နိုင်ဆုံး လျှော့ပေါ့စားသုံးကြစေလိုပါကြောင်း၊ ပြန်ကြော်ဆီစားသုံးမှုကို အထူးသတိပြုဆင်ခြင်ကြစေလိုပါကြောင်းနှင့် "ဆီစားလို့ အသားမဖြစ်၊ ဆီစားများလျှင်ဘေးဖြစ်၊ ဆီကိုရှောင် အိုတောင်နုပျိုဆဲ"ဟူသော ဆောင်ပုဒ်လေးကို ကျန်းမာရေးအသိ၊ သတိဖြင့် လိုက်နာကြစေလိုပါကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။

**ပေါက်ပေါက်**








## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ Bright Kids ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-4 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မျိုးထွန်း ၏သမီးဖြစ်သူ မရှင်းသန့်သူ ၏ မွေးသက္ကရာဇ်အမှန်မှာ မွေးဖွားစာရင်းအရ (၇-၂-၂၀၁၃) ဖြစ်ပါကြောင်း။ ၇-၂-၂၀၁၃

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက ဟန်မြင့်မိုရ်ကျောင်းမှ Grade-7 တန်းတွင် ပညာသင်ကြားနေသော မခင်စန္ဒာဝင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးခင် ဖြစ်ပါကြောင်း။

ဦးမျိုးခင် (၉/ကဆန(နိုင်)၁၅၅၃၉၂)

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက(ခွဲ)-၂၊ ပဥ္စမတန်းတွင် ပညာသင်ကြားနေသော မခင်မြတ်နိုး ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ကိုလတ် ဖြစ်ပါကြောင်း။

ဦးအောင်ကိုလတ်(၉/ပကခ(နိုင်)၀၁၇၇၇၃)

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ Unity ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ဆန်းဝင်း ၏သား မောင်အံ့ထူးသစ် ၏အမည်အား မောင်ထူးနန်းမင်းခန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထူးနန်းမင်းခန့်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ **မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမျှော်ကြည်ညို**

စာမျက်နှာ- ၁၈






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့်

**စာမျက်နှာ ၁၆ ကော်လံ ၁☆**

